မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၄၆)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး

China Railway Engineering Corporation (CREC) ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation (CREC) ဥက္ကဋ္ဌ Mr. Zhao Deyi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation (CREC) ဥက္ကဋ္ဌ Mr. Zhao Deyi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး China Railway Engineering Corporation (CREC) ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ မီးရထားလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေရှိရန် အလေးထားဆောင်ရွက်နေ

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် စုံညီအစည်းအဝေးနှင့် (၁၃၂)ကြိမ်မြောက် အစည်းအဝေးကျင်းပ။

စာ-၇

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များအထွေထွေညီလာခံသို့ တက်ရောက်ရန် ထွက်ခွာ။

စာ-၃

အနာဂတ်မျိုးဆက်သစ်များအတွက် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မှုပေးနိုင်မည့် ပတ်ဝန်းကျင်နှင့် အိုဇုန်းလွှာထိန်းသိမ်းရေး အလေ့အထကောင်းများဖော်ဆောင်

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ။

စာ-၄

ချယ်လ်ဆီးရဲ့ခြေစွမ်း မန်ယူစမ်းသပ်မည် စာ-၁၂

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၇ ရက်)

ပညာရေးအခြေခံကောင်းများဖြင့် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးရေးဆောင်ရွက်

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာတတ်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသည် အဓိကကျသည်။ ပညာရေးအဆင့်မြင့်မှ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် လူမှုစီးပွားဘဝကို တိုးတက်ရရှိနိုင်မည်ဖြစ်သည်။

ထိုသို့ ပညာရည်အဆင့်မြင့်မားရေးဆောင်ရွက်ရာတွင် အခြေခံပညာရေးကဏ္ဍမှစ၍ စနစ်တကျ ခိုင်ခိုင်မာမာဆောင်ရွက်ရမည်ဖြစ်သည်။ လူငယ်များသည် နောင်တစ်ချိန်တွင် တိုင်းပြည်၏တည်ဆောက်ရေးကဏ္ဍအသီးသီး၌ ဦးဆောင်မည့်သူများ ဖြစ်လာနိုင်သဖြင့် ပညာရပ်များကို အခြေခံမှစ၍ စည်းကမ်းစနစ်ကျစွာ လေ့လာဆည်းပူး သင်ယူကြရမည်ဖြစ်သည်။

ယနေ့မျိုးဆက်သစ်လူငယ်လေးများကို စိတ်ဓာတ်ကြံ့ခိုင်ရေး၊ အတွေးအမြင်၊ အမူအကျင့်၊ အလေ့အထကောင်းများရရှိရေး စသည်တို့အတွက် ငယ်ရွယ်စဉ်ဘဝကပင် လေ့ကျင့်ပေးသွားရမည်ဖြစ်သည်။ ကြီးပွားတိုးတက်စေလိုသည့် စိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုကိုမြတ်နိုးဂုဏ်ယူပြီး ထိန်းသိမ်းတတ်သည့် စိတ်ဓာတ်၊ နိုင်ငံကိုချစ်မြတ်နိုးသော စိတ်ဓာတ်ကောင်းများကို ငယ်ရွယ်စဉ်ကပင် စွဲမြဲစေရန် ပြုစုပျိုးထောင်ပေးသွားရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီစေရန် တိုးတက်မြင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသကဲ့သို့ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ အရည်အသွေးမြင့်တင်ရေး၊ အထောက်အကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်ရေး၊ ပညာရေးဝန်ထမ်းများ၏ အရည်အချင်းမြင့်မားရေးနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝမြင့်တင်နိုင်ရေး၊ အလယ်တန်းနှင့်အထက်တန်းကျောင်းများသို့ တက်ရောက်မှုနှုန်း မြင့်မားလာရေး စသည်တို့ကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီပညာရေးအဆင့်အတန်းကို တက်လှမ်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က ပညာရေးဆိုင်ရာအခြေခံကောင်းများကို ဖန်တီးတည်ဆောက်ပေးလျက်ရှိရာ အခြေခံပညာကဏ္ဍတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပညာသင်ယူနိုင်မှု အခွင့်အလမ်းကောင်းများ ညီညီမျှမျှရရှိနေကြပြီဖြစ်သည်။ အဆင့်မြင့်ပညာကဏ္ဍ၌လည်း အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်က ပညာရေးကဏ္ဍတွင် ဖန်တီးပုံဖော်ပေးထားသည့် အခြေခံကောင်းများကို ခိုင်မာအောင်ဆောင်ရွက်ပြီး နိုင်ငံ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် လူ့စွမ်းအားအရင်းအမြစ် အသိပညာရှင်၊ အတတ်ပညာရှင် လူငယ်များ ပိုမိုပေါ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းက မုံရွာမြို့ အထက်တန်းရက်ကန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းသူများ၏ ရက်ကန်းရက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် ဆေးကုသမှုခံယူနေကြသော လူနာများ အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ(မုံရွာ)သို့ ရောက်ရှိပြီး အဖြူချွတ် ဆေးဆိုးစက်၊ အခြောက်လှန်းစက်၊ ပိတ်ခေါက်စက်၊ ဝါဖန်လိုင်း၊ ဗိုင်းတောင့်စက်၊ တည်င်းလုံးစက်၊ ချည်ငင်စက်၊ ရက်ကန်းစက်၊ ပိတ်စစ်စက်များလည်ပတ်နေမှုနှင့် ဝင်းသူဇာအရောင်းဆိုင်၌ ကုန်ပစ္စည်းများရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မုံရွာမြို့ ဇလုတ်ဘက်စုံစိုက်ပျိုးရေးခြံ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး စမ်းသပ်စိုက်ပျိုးထားသော ပဲစင်းငုံနှင့် ဆည်ရေသောက်စပါးမျိုးများ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး စက်မှုလယ်ယာရုံးသို့ရောက်ရှိပြီး ရုံးဝင်းအတွင်း စိန်တလုံးသရက်ပင်များ စိုက်ပျိုးထားမှုကိုလည်းကောင်း၊ မုံရွာမြို့ တိုင်းဒေသကြီး အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာန သစ်တောပျိုးဥယျာဉ်နှင့် တိုင်းရင်းဆေးရုံ အမျိုးသား၊ အမျိုးသမီးတိုးချဲ့လူနာဆောင် ဆောက်လုပ်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသောလူနာများအား ကြည့်ရှုအားပေးသည်။

ထို့နောက် ပညာရေးကောလိပ် (မုံရွာ)သို့ရောက်ရှိပြီး ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာမှုနှင့် သင်တန်းသား သင်တန်းသူများ၏ အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေး/ကုတက္ကသိုလ်(ရန်ကုန်) ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

၁၉၇၃-၁၉၇၉ ခုနှစ် မွေး/ကုတက္ကသိုလ် (ရန်ကုန်)တွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ်မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့)တွင် တော်ဝင်နှင်းဆီ သီရိခန်းမ၌ နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

မြတ်ဆရာပူဇော်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဒေါက်တာမြတ်ဦး-ဒေါက်တာတင်မာဝေ ဖုန်း- ၀၁-၅၅၂၅၇၇၊ ၀၉-၅၁၄၄၆၂၂၊ ဒေါက်တာအောင်နိုင် ဖုန်း-၀၁-၂၉၈၄၈၉၊ ဒေါက်တာ တင့်လွင် ဖုန်း-၀၁-၅၃၄၉၇၄၊ ဒေါက်တာမြင့်ဝင်း ဖုန်း-၀၁-၆၄၂၂၃၇၊ ဒေါက်တာတင်စိန် ဖုန်း-၀၂-၆၀၆၈၉၊ ဒေါက်တာခွန်မြင့်ဦး ဖုန်း-၀၉-၉၉၇၀၂၇၃၊ ဒေါက်တာ ခွန်အောင်မြင့်စိုး-ဒေါက်တာခင်မျိုးဆွေ ဖုန်း-၀၉-၇၃၀၉၆၁၀၉၊ ဒေါက်တာမြမြစမ်း ဖုန်း-၀၉-၅၆၆၀၁၀၁၊ ဒေါက်တာညီညီဇော် ဖုန်း-၀၁-၇၂၂၀၂၈၊ ဒေါက်တာခင်စိုးလွင် ဖုန်း-၀၉-၅၁၀၂၂၁၇ နှင့် ကမ္ဘောဇဘဏ်(ရွှေဂုံတိုင်) ငွေစုစာရင်း အမှတ် ဖုန်း-၀၀-၇၁၂၂၀၀၂၆၅၈၃ တို့ထံသို့ အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရွှေကူမြို့နယ်၌ ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေ

ရွှေကူ စက်တင်ဘာ ၁၆

ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျန်းမာရေးဦးစီးဌာနက မြို့တွင်းရှိ ကျေးရွာ ၈၂ ရွာတွင် ငှက်ဖျားရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ တာရှည်ခံဆေးစိမ်ခြင်ထောင် အလုံးရေ ၃၃၈၀၀ ကို ဒေါက်တာဦးသူရဇော်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များက ကျေးရွာပြည်သူများအား ဖြန့်ဝေခဲ့ကြကြောင်း သိရှိရသည်။ (၀၇၃)

စာပေမြင့်မှ လူမျိုးတင့်မည်

ဝေါမြို့နယ်အသင်း ပညာရည်ချွန်ဆုများချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၆

ဝေါမြို့နယ်အသင်း(ရန်ကုန်)က ဝေါမြို့နယ်ရှိ ၂၀၁၀-၂၀၁၁ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ဝေါမြို့နယ်မှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၁ ရက်က ဝေါအထက သီရိဇေယျာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ဝေါမြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) စိုးတင့်က အမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဦးကျော်မင်းက ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများနှင့် ထူးချွန်စွာသင်ကြားပြသပေးသော ဆရာ ဆရာမများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီးဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၃၅ဦးအား ပညာရည်ချွန်ဆုများချီးမြှင့်ရာ ငါးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သော မောင်ပြည့်ဖြိုးအား ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးတင့်(ငြိမ်း)က ဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၀၇)

ကျန်းမာရေးစောင့်ရှောက်

စက်တင်ဘာ ၃ ရက်က တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ မလွကုန်းဈေးကွယ် (က)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်အတွင်းရှိ အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (၀၄၄)

ပေါင်းတည်မြို့နယ်အသင်း စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

*ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)က အမှုဆောင်များ၊ ပေါင်းတည်မြို့နယ်ရှိ ဒေသခံအသင်းဝင် အသက် ၇၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ကြသော ကျောင်းသား ကျောင်းသူ အသင်းဝင် သားသမီးများအား နဝမအကြိမ်မြောက် ဆုများချီးမြှင့်ပွဲနှင့် နှစ်စဉ် ကျင်းပမြဲဖြစ်သော ပေါင်းတည်မြို့လုံးကျွတ် စုပေါင်းအလှူပွဲကို မကြာမီ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ကြိုတင် လှူဒါန်းလိုပါက နာယက ဦးသိန်းအောင် ဖုန်း-၅၅၀၇၅၂ နှင့် ဦးကျော်ဝင်း ဖုန်း-၆၆၇၆၁၀၊ ဒုတိယဥက္ကဋ္ဌ ဦးလှစော ဖုန်း-၅၂၇၁၅၉၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း -၃၇၆၇၄၂၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကို ဖုန်း-၅၂၁၉၁၃ နှင့် အတွင်းရေးမှူး ဦးဇော်လွင်ထွန်း ဖုန်း-၅၁၉၁၄၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၀၀၇)***

ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ

ပုလဲမြို့နယ်၌ ကျင်းပ

ပုလဲ စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ် မြမဥ္ဇူဆောင်ရှေ့၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစန်းအောင်၊ မြို့နယ်ပညာရေးမှူး ဦးထိန်မင်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပေးအပ်

ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဦးဇော်မင်းထွန်းက ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်း အထိမ်းအမှတ်အလံနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဆိုင်က ကျောင်းဆောင်ဆောက်လုပ်ခြင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဦးထိန်မင်းထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆိုင်ကယ်စီးလျှင် လူနှစ်ဦးထက်ပိုမစီးရ

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များ အထွေထွေညီလာခံသို့ တက်ရောက်ရန် ထွက်ခွာသွားသော ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တာဝန်ရှိသူများက အမျိုးသားလွှတ်တော် အစည်းအဝေးဆောင်ရှေ့၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင် (၁၄) ဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များ အထွေထွေညီလာခံ (ASEAN INTER-PARLIAMENTARY ASSEMBLY) သို့တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးဆောင်မှ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများက အမျိုးသားလွှတ်တော် အစည်းအဝေးဆောင်ရှေ့၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

အမှတ် (၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ် (၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား ဂျပန်နိုင်ငံ ဂျပန်စီးပွားရေးကော်မတီ အာရှနှင့် ပစိဖိတ်သမုဒ္ဒရာဆိုင်ရာ စီမံကိန်းဌာနဥက္ကဋ္ဌMr.Takashi Fujino ဦးဆောင်သည့် ဂျပန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား ဂျပန်နိုင်ငံ ဂျပန်စီးပွားရေးကော်မတီ အာရှနှင့်ပစိဖိတ်သမုဒ္ဒရာဆိုင်ရာ စီမံကိန်းဌာန ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၆

အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား ဂျပန်နိုင်ငံ ဂျပန်စီးပွားရေးကော်မတီ အာရှနှင့် ပစိဖိတ်သမုဒ္ဒရာဆိုင်ရာစီမံကိန်းဌာန ဥက္ကဋ္ဌ Mr. Takashi Fujino ဦးဆောင်သည့် ဂျပန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့ဝင် (၁၈)ဦးအား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ် (၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံမှ စက်မှုလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အထူးသဖြင့် ချည်မျှင်နှင့်အထည်၊ ကြွေထည်မြေထည်၊ အိမ်သုံးလျှပ်စစ်ပစ္စည်း/ အီလက်ထရွန်နစ် ပစ္စည်းများ၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်နှင့် မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများအပြင် ဂျပန်နိုင်ငံရှိ Asahi Glass Co., Ltd., Sumitomo Corporation, Hitachi Ltd., Itochu Corporation, Mitsubishi Heavy Industries Ltd., Sojitz Corporation, Marubeni Corporation နှင့် Mitsui Sumitomo Insurance Co.,Ltd. တို့မှ တာဝန်ရှိသူများလည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၇-၉-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇေယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
- ၈း၀၅ ၇။ ကဗျာပန်းဥယျာဉ်
- ၈း၂၀ ၈။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (အဆင့်မြင့်ပညာအဆင့်) အမျိုးသား**
- ၈း၃၀ ၉။ **International News**
- ၈း၃၅ ၁၀။ အကပြိုင်ပွဲ
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃း၂၀ ၅။ **နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ**
- ၁၃း၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ရောင်ဂွန်း** (အပိုင်း-၇)
- ၁၄း၂၀ ၇။ ဂျပန်နိုင်ငံရဲ့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အလားအလာများ
- ၁၄း၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၄း၅၀ ၉။ **International News**

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ စိမ်းမြခက်ဝေ
- ၄း၃၀ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄း၄၀ ၅။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၄း၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၀ ၈။ ပြည်တွင်းထုတ်ကုန် မုံရွာချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ
- ၅း၂၀ ၉။ **International Science News**
- ၅း၃၀ ၁၀။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (အဆင့်မြင့်ပညာအဆင့်) အမျိုးသမီး**
- ၅း၄၀ ၁၁။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၄။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆း၃၅ ၁၅။ ယဉ်တစ်ကိုယ်မယ် (သန္တာလှိုင်)
- ၇း၀၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၁၅)
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ (အကာဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း**
- ၂၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၄၉)
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိလေသော ရုပ်သံလွှင့်မှူး** (အပိုင်း-၉)
- ၂၃။ **ဂီတတံခါးလေးဖွင့်ပါဦး**

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား နော်ဝေးနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေးနိုင်ငံသံအမတ်ကြီး Mrs. Katja Christina Nordgaard သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဟိုတယ်လုပ်ငန်း ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိစ္စများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဧည့်သည်များ ပိုမိုလာရောက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

တွေ့ဆုံရာသို့ ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ္တမ အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၁၆

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမ အထကကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မုတ္တမ အထက၌ ကျင်းပမည်ဖြစ်ရာ မုတ္တမအထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် (၆၀)ပြည့် ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေတက်ရောက်ကြရန် ဖိတ်ကြားထားသည်။ ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါက်တာ သန်းဦး ဖုန်း-၀၅၇-၄၅၀၆၁၊ ဦးသိန်းဝင်း ဖုန်း-၀၅၇-၄၅၀၅၃၊ ဦးနိုင်ထွန်း ဖုန်း-၀၅၇-၄၅၀၉၉၊ ဒေါ်မြညွန့်ရည် ဖုန်း- ၀၅၇-၂၇၀၆၇၊ ဦးကျော်ရင် (ကျောင်းအုပ်ကြီး)ဖုန်း-၀၅၇-၄၅၀၄၅၊ ဦးကိုကိုလေး ဖုန်း-၀၁-၅၈၀၁၂၁၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၁၁၃၁၅၉၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၀၀၆၁၈၉၊ ဦးကျော်ဦး ဖုန်း-၀၉-၄၉၂၉၅၆၈၀နှင့် ဦးတင်မောင် ဖုန်း-၀၉-၈၆၂၃၆၃၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်နိုင်ငံသံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော သွင်းအားစု ဓာတ်မြေဩဇာ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ဆည်ရေသောက်စနစ် တည်ဆောက်ရေးလုပ်ငန်းများအတွက် ချေးငွေဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေး နှီးနှောဖလှယ်မှုဆိုင်ရာ ကဏ္ဍများကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၁၆ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည့် မလေးရှားနိုင်ငံ၏ (၅၄)နှစ်မြောက် အမျိုးသားနေ့နှင့် (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသော အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Azril Abdul Aziz ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

အမှာစကား ပြောကြား

ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အနာဂတ်မျိုးဆက်သစ်များအတွက် ထာဝစဥ်ဖွံ့ဖြိုးတိုးတက်မှုကိုပေးနိုင်မည့် ပတ်ဝန်းကျင်နှင့် အိုဇုန်းလွှာထိန်းသိမ်းရေးအလေ့အထကောင်းများဖော်ဆောင်

နေပြည်တော် စက်တင်ဘာ ၁၆

နေမှကမ္ဘာမြေပေါ်သို့ ကျရောက်မည့် လူသားတို့အတွက် အန္တရာယ်ဖြစ်စေသော ခရမ်းလွန်ရောင်ခြည်လှိုင်းများကို ကာရံပေးသည့် သဘာဝအကာအရံတစ်ခုအဖြစ် အိုဇုန်းလွှာသည် မရှိမဖြစ်လိုအပ်သည်။ အိုဇုန်းလွှာကို ပျက်စီးယိုယွင်းစေသော လူတို့ထုတ်လုပ်သည့် ဓာတုပစ္စည်းများ သုံးစွဲမှုလျှော့ချရေးကို မဖြစ်မနေ လုပ်ကိုင်ရမည်ဖြစ်သည်။

ရည်ရွယ်ကျင်းပ

၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့၌ ချုပ်ဆိုခဲ့သည့် မွန်ထရီယယ် နောက်ဆက်တွဲ စာချုပ်ကို ဂုဏ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အရ စက်တင်ဘာ ၁၆ ရက်ကို အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်၍ ၁၉၉၅ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပခဲ့ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရေး၌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၏ အရေးပါပုံနှင့် အကျိုးကျေးဇူးများကို သိရှိနိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာနက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (International Day for the Preservation of the Ozone Layer) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တော ဦးစီးဌာန ဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပသည်။

အလေ့အထကောင်းများ

အခမ်းအနားတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အိုဇုန်းလွှာ ပျက်စီးစေသည့် ဒြပ်ပစ္စည်းများ လေထုအတွင်းရောက်ရှိမှု နည်းပါးစေမည့် နည်းပညာများနှင့် အသုံးအဆောင်ပစ္စည်းများအား ထိန်းချုပ်လုပ်ကိုင်ရန် အထူးလိုအပ်ကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးဆောင်ပုဒ်မှာ "အိပ်ချ်စီအက်ဖ်စီ သုံးစွဲမှုလျှော့ချရေး၊ အထူးအလေးထားပေး"(HCFCs phase- out: a unique opportunity) ဖြစ်ကြောင်း၊ HCFCs ထုတ်လုပ်မှုနှင့်သုံးစွဲမှု ကာလကို ၂၀၁၃ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း အဆင့်ဆင့် လျှော့ချရပ်ဆိုင်းရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အိုဇုန်းလွှာကာကွယ်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲ စာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက် စာချုပ်များအရ ၁၉၉၃ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် အဖွဲ့ဝင်ဖြစ်ခဲ့ကြောင်းနှင့် ကိုပင်ဟေဂင် ပြင်ဆင်ချက်တွင် ၂၀၀၉ခုနှစ် မေ ၂၂ရက်တွင် အဖွဲ့ဝင်ဖြစ်ခဲ့ကြောင်း၊ ကုလသမဂ္ဂ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် (UNEP)၏ ပံ့ပိုးမှုဖြင့် အမျိုးသား အိုဇုန်းယူနစ် (National Ozone Unit)ကို ၂၀၀၄ ခုနှစ်တွင် တည်ထောင်ခဲ့ပြီးဖြစ်ကြောင်း၊ အိုဇုန်းစည်းမျဉ်းရေးဆွဲရေးစီမံကိန်းအရ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများအား လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုင်ရာ အမိန့်မှုကြမ်းတစ်ရပ်ကို ရေးဆွဲပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်းမရှိကြောင်း၊ ကလိုရိုဖလူရိုကာဗွန် (CFC) တင်သွင်းမှုကိုလည်း ၂၀၀၇ ခုနှစ်မှစတင်ပြီး ရပ်ဆိုင်းထားကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ပူးပေါင်း၍ ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့အစည်း (UNIDO)၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၁၀ခုနှစ် အောက်တိုဘာလ၌ မြန်မာနိုင်ငံအတွင်း လေ့လာမှုပြု၍ ပထမ အစီရင်ခံစာကို ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် (UNEP) မှ HCFCs သုံးစွဲမှု လျှော့ချရပ်ဆိုင်းရေး စီမံကိန်းဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့နှင့် ၂၀၁၁ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ၂၂ ရက်အထိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ ဆွေးနွေးခဲ့ကြောင်း၊ စီမံကိန်းဆိုင်ရာ အချက်အလက်စာရင်းကောက်ယူခြင်း လုပ်ငန်းများမှာ ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင်ပြီးစီးရန် မျှော်မှန်းထားကြောင်း၊ သို့ဖြစ်ရာ ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်နှင့် လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ထာဝစဉ် ဖွံ့ဖြိုးတိုးတက်မှုကို အာမခံချက်ပေးနိုင်မည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အိုဇုန်းလွှာထိန်းသိမ်းရေး အလေ့အထကောင်းများကို ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါက်တာမင်းထွဋ်ယဉ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ အိုဇုန်းလွှာ ကာကွယ်ရေးဆိုင်ရာပညာပေးဗီဒီယိုမှတ်တမ်းကို ပြသပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအနေဖြင့် အိုဇုန်းလွှာထိန်းသိမ်းခြင်းနှင့် ရာသီဥတုထိန်းသိမ်းခြင်းဆိုင်ရာ စာတမ်းလေးစောင်ကို ဖတ်ကြားကြသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) လက်ထောက်ဌာနေ ကိုယ်စားလှယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာဝတ္ထိမြို့ စမတောင်မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ် အမျိုးသမီးအခြေခံအိမ်တွင်းမှုသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက တာဝန်ယူဖွင့်လှစ်ခဲ့သော နေပြည်တော်လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ စမတောင် "မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်" အမျိုးသမီး အခြေခံအိမ်တွင်းမှုသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် အဆိုပါ ပရဟိတကျောင်း၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုက သင်တန်းတွင် ထူးချွန်ဆုရရှိသူ မစုစုမွန်အား အပ်ချုပ်စက်တစ်စုံ ချီးမြှင့်ပြီး ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်က သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးထံ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ကာ စမတောင် "မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်" အတွက် အပ်ချုပ်စက် ၁၄စုံကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သင်တန်းသူများ ချုပ်လုပ်ထားသော လက်ရာများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အခြေခံ အိမ်တွင်းမှု သင်တန်းကို ရက်သတ္တ(၁၄)ပတ်ကြာ ဖွင့်လှစ် သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ရင်းနှီးမတည်ငွေ ပေးအပ်ပွဲကို ဩဂုတ် ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များကိုယ်စား ဦးမြင့်လွင်နှင့် ဦးမြသိန်းတို့က ငွေကျပ် ၈၅ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူထံ ပေးအပ်စဉ်။
(မြို့နယ် ပြန်/ဆက်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာနိုင်ငံသို့ပင့်ဆောင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်အေး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း၊ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊နေပြည်တော်ကောင်စီဝင် ဦးသန်းဋ္ဌေး၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေး

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မန္တလေးတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီးတို့က မန္တလေးမြို့သို့ ဗုဒ္ဓမြတ်စွယ်တော် ကြွရောက် အပူဇော်ခံမည့်ကာလအတွင်း အစစအရာရာ အဆင်ပြေချောမွေ့စေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိသည့် လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးတို့က ဗုဒ္ဓမြတ်စွယ်တော် ရန်ကုန်မြို့တွင် ကြွရောက် ကိန်းဝပ်စံပယ်တော်မူမည့်ကာလအတွင်း ပြည်သူများ အဆင်ပြေလုံခြုံစွာ ပူဇော်ဖူးမြော်နိုင်ရေးအတွက် ဘက်စုံကဏ္ဍစုံမှ စီစဉ်ဆောင်ရွက်ထားရှိသည့် လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သာသနာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆပ်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဆွေးနွေးတင်ပြကြသည်။

ဖြည့်စွက်ဆွေးနွေး

ယင်းနောက် နေပြည်တော်ကောင်စီဝင်ဦးသန်းဋ္ဌေးနှင့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးတို့က ဆွေးနွေးတင်ပြကြပြီး နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးအတွက် အထွေထွေကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၇-၉-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၄၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၃။ ပညာပေးဇာတ်လမ်းတို

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁:၁၅ ၄။ အဖွင့်သီချင်း
၁၁:၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ဟင်နရီရဲ့အိပ်မက်**(အပိုင်း-၁၃)
၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **ကမ္ဘာတုန်တဲ့ည** ဟိန်းဝေယံ၊ အကယ်ဒမီ မေသန်းနု၊ သက်မွန်မြင့်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-နေပိုင်)
၁၄:၀၀ ၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၁၆)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၃ ၃။ နိုင်ငံတော်သီချင်း
၄:၀၆ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ ကျန်းမာကြံ့ခိုင် တို့နိုင်ငံ
၄:၂၀ ၇။ မြန်မာသံစဉ်ချိုနှားဝင်
၄:၂၅ ၈။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄:၃၀ ၉။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၅၀ ၁၀။ ကုန်သွယ်သုတ
၅:၀၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၅။ စားဖိုဆောင်ချစ်သူ
၆:၄၀ ၁၆။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီ ချစ်သူဆီ** (အပိုင်း-၁)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ လူရွှင်တော်စတား
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း -၃၈)
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၈၂)

မန္တလေးတိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် မန္တလေးတိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်ရေးအတွက် မျိုးဆက်သစ်များအား လက်ဆင့်ကမ်း ဖြန့်ဝေထိန်းသိမ်းနိုင်ရန်အတွက် တိုင်းဒေသကြီးအတွင်းတွင်ရှိသည့် တာဝန်ရှိသူများ၊ အနုပညာရှင်ကြီးများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်ဖြင့် တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အနုပညာစွမ်းပကားကြီးမားပြီး အမျိုးသားရေးအနှစ်သာရနှင့် ယဉ်ကျေးမှုတန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ဇာတ်သဘင်၊ ရုပ်သေးသဘင်နှင့်တကွ အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များကို ပြန်လည်ဖော်ထုတ်မြှင့်တင်ပေးနေသည့် ပြိုင်ပွဲကြီးတွင် မိမိတို့တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များသည်လည်း တိုင်းဒေသကြီး၏ ဂုဏ်ကိုဆောင်ပြီး အောင်မြင်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆုပေးအပ်

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အဆင့်နှင့် ဘာသာရပ်အသီးသီးတို့တွင် သက်တန်းအလိုက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ဆုရရှိသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး အကဲဖြတ်ပညာရှင်ဒိုင်အဖွဲ့အား တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ်အတွင်း လတ်တလောပဋိပက္ခများကြောင့် ခေတ္တပြောင်းရွှေ့ရောက်ရှိလာသူတို့အား ကူညီထောက်ပံ့ရေးညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၁၆

ကချင်ပြည်နယ် ကျေးလက်ဒေသများမှ လတ်တလောပဋိပက္ခများကြောင့် ခေတ္တပြောင်းရွှေ့ရောက်ရှိလာသူတို့အား UNအဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများမှ ကူညီထောက်ပံ့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)**ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း တက်ရောက်အမှာစကားပြောကြားသည်။

အစီအစဉ်အရ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါ်ဘောက်ဂျာက လတ်တလောပဋိပက္ခများကြောင့် ခေတ္တပြောင်းရွှေ့ရောက်ရှိလာသူတို့အား စခန်းများဖွင့်လှစ်ပြီး စနစ်တကျနေရာချထားမှု၊ ကူညီထောက်ပံ့မှုလုပ်ငန်းများ စနစ်တကျဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သာက ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်)မှ ပေးပို့လာသည့် ပစ္စည်းများထောက်ပံ့မှုကိုလည်းကောင်း၊ ကချင်ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ ဦးစီးအရာရှိ (ဒုတိယတန်း) ဦးချစ်ဖေက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့လာသည့်ပစ္စည်းများထောက်ပံ့မှုကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် UN အဖွဲ့အစည်းများနှင့် NGO အဖွဲ့အစည်းများမှ ကူညီထောက်ပံ့နိုင်ရေး မေးမြန်းဆွေးနွေးပြီး အကြံပြုတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသများ၌ ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နေမည်

နေပြည်တော် စက်တင်ဘာ ၁၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံပိုင်မြေ၊ မြို့မြေ၊ စားကျက်မြေနှင့် ကျေးရွာမြေများကို ပြည်ထဲရေးဝန်ကြီးဌာနက စီမံခန့်ခွဲရမည်ဖြစ်

● *ကျော်ဖုံးမှ*

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ(ဃ)အရ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုနိုင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

"အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်း"** ကို သဘောတူညီချက်ရယူရန်" အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် အလုပ်သမားအဖွဲ့အစည်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုထားသည့်အတိုင်း ပြည်သူ့လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆက်လက်ဆောင်ရွက်

စက်တင်ဘာ ၁၄ ရက်က အပိုဒ် ၇၊ အပိုဒ်ခွဲ(ဂ)အထိ ဆွေးနွေးအတည်ပြုပြီးသော **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုမရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အတည်ပြုပြီးဖြစ်သည်ဟု သတ်မှတ်ပြီး လွှတ်တော်သို့သီးခြားအဆိုတင်သွင်းခြင်း၊ သဘောတူညီချက်တောင်းခံခြင်းများ မပြုလုပ်တော့ဘဲ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုခြင်း ဆက်လက်ဆောင်ရွက်သည်။

ဥပဒေကြမ်း၏ အပိုဒ် ၇၊ အပိုဒ်ခွဲ(စ)ပါ မူလပြဋ္ဌာန်းချက်၏အဆုံးတွင် **ရရှိသောမဲစာရင်းကိုရေတွက်၍ ကြေညာရမည်** ဟူသော စာသားထပ်မံဖြည့်စွက်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားမှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လျော်ကန်သင့်မြတ်သောစကားရပ်ဖြစ်သည့်အတွက် ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြသည်။

အပိုဒ် ၇၊ အပိုဒ်ခွဲ(စ)သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

"အပိုဒ် ၈ သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုနှင့်စပ်လျဉ်း၍ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်က ပြင်ဆင်ချက်အဆိုတင်သွင်းသည်။

"အပိုဒ် ၈ မူလပြဋ္ဌာန်းချက်ပါ **အမည်စာရင်းပါ ပုဂ္ဂိုလ်ကိုစိစစ်ပြီး** ဟူသည့် စကားရပ်အစား **ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ပုဂ္ဂိုလ်ကို** ဟူသည့် စကားရပ်ဖြင့်အစားထိုးရန်" အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သဘောမတူကြောင်း တင်ပြသည်။

အဆိုရှင် ဦးခင်မောင်ရည်က လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်း တင်ပြသည့်အတွက် မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်သူများသည့်အတွက် ဦးခင်မောင်ရည်၏ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်း ဆုံးဖြတ်သည်။

ပြင်ဆင်ချက်အဆိုတင်သွင်း

ဥပဒေကြမ်း၏ အပိုဒ် ၉ မူလပြဋ္ဌာန်းချက်တွင်ပါသည့် **ပြည်ထောင်စုလွှတ်တော်** ဟူသော စကားရပ်အစား **ပြည်သူ့လွှတ်တော်** ဟူသော စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားသကဲ့သို့ မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာက "အပိုဒ် ၉ မူလပြဋ္ဌာန်းချက်ပါ **ပြည်ထောင်စုလွှတ်တော်** အစား **ပြည်သူ့လွှတ်တော်** ဟူသော စကားရပ်ဖြင့်လည်းကောင်း၊ **သုံးကြိမ်** ဟူသော စကားရပ်အစား **နှစ်ကြိမ်** ဟူ၍လည်းကောင်း ပြင်ဆင်အစားထိုးရန်" ပြင်ဆင်ချက်အဆို၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်က "အပိုဒ် ၉ မူလပြဋ္ဌာန်းချက်အစား **ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏သက်တမ်းနှင့် ရွေးချယ်ခန့်ထားရေးကာလသတ်မှတ်ချက်ကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-(က) ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့်အညီဖြစ်သည်။ ယင်းသက်တမ်းသည် ၃ ကြိမ်ထက်မပိုစေရ။ (ခ) ရွေးချယ်ခန့်အပ်ခြင်းကို အထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့ရက်မှ ၃၀ ရက်မြောက်နေ့တွင် စတင်ရွေးချယ်ရမည်။ ရွေးချယ်မှုအား အထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့ရက်မှ ၄၅ ရက်အတွင်း အပြီးဆောင်ရွက်ရမည်။** ဟူ၍ ပြင်ဆင်ရန်" ပြင်ဆင်ချက်အဆိုတို့ကို တင်သွင်းကြသည်။

အထက်ပါ အပိုဒ် ၉ အတွက် ပြင်ဆင်ချက်(၃)မျိုးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အဆိုအား ကန့်ကွက်ရန်မရှိပါကြောင်းနှင့် ဦးအောင်ထွန်းသာနှင့်ဗိုလ်မှူးဇော်ဝင်းနိုင်တို့၏ ပြင်ဆင်ချက်အဆိုများကို သဘောမတူပါကြောင်းဖြင့်တင်ပြသည်။

အဆိုရှင် ဦးအောင်ထွန်းသာက လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်း တင်ပြသည့်အတွက် မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်သူများသည့်အတွက် ဦးအောင်ထွန်းသာ၏ ပြင်ဆင်ချက်အဆိုအတည်မဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုရှင် ဗိုလ်မှူးဇော်ဝင်းနိုင်က ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်အား လက်ခံပါကြောင်းနှင့် အဆိုကို ပြန်လည်ရုပ်သိမ်းလိုပါကြောင်းဖြင့်တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၉ သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

"အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဆ)သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုနှင့်စပ်လျဉ်း၍ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က ပြင်ဆင်ချက်အဆိုတင်သွင်းသည်။

"အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဆ)ကို မူလပြဋ္ဌာန်းထားချက်အစား **အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဥ့်အိပ်ညဥ့်နေလာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားခြင်းကို အခကြေးငွေမယူဘဲ လက်ခံ၍ခွင့်ပြုခြင်း၊ နည်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန်ပျက်ကွက်လျှင် နည်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီအရေးယူခြင်း** ဟူသောစကားရပ် ထည့်သွင်းရန်"အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကြမ်းတွင် ချီးမြှင့်ထောက်ပံ့ငွေအား အခန်း(၁၄)ဖြင့်လည်းကောင်း၊ ရုံးအသုံးစရိတ်များအား အခန်း(၁၅)ဖြင့်လည်းကောင်း ထည့်သွင်းရေးဆွဲပြီး ဧည့်စာရင်းစစ်ဆေးခြင်းနှင့် တိုင်ကြားရန် ပျက်ကွက်မှုအတွက် ဥပဒေကြမ်း အခန်း(၉) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူ၏ တာဝန်နှင့်ဝတ္တရားအဖြစ် ပုဒ်မ ၁၇တွင် ဖော်ပြထားပြီး ဖြစ်ပါကြောင်း၊ ပုဒ်မ ၁၇ တာဝန်ကိုပျက်ကွက်သူအား ပုဒ်မ ၂၅ တွင် ဒဏ်ကြေးငွေပေးဆောင်ခြင်းဖြင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူရန်ဖော်ပြပြီးဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အဆိုကို သဘောမတူပါကြောင်း**ဖြင့် တင်ပြသည်။

အဆိုရှင်ဦးသိန်းညွန့်က လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်း တင်ပြသည့်အတွက် မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်သူများသည့်အတွက် ဦးသိန်းညွန့်၏ ပြင်ဆင်ချက်အဆိုအတည်မဖြစ်ကြောင်း ဆုံးဖြတ်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

သို့ဖြစ်၍ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဆ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်က "အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ၛ) မူလပြဋ္ဌာန်းချက်ပါအစား **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု နယ်နိမိတ်အတွင်း မည်သည့်နေရာတွင်မဆို လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း** ဟူသော စာပိုဒ်အစားထိုးရန်" ပြင်ဆင်ချက်အဆို၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးမောင်ဦးက "အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ၛ)ပါ မူလပြဋ္ဌာန်းချက်အစား **လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူရန်အကြောင်းကြားခြင်း** ဟူသော စာသားအတိုင်း ပြင်ဆင်ရန်" ပြင်ဆင်ချက်အဆို၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးလေးနိုင်က "အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ၛ)ပါ မူလပြဋ္ဌာန်းချက်အစား **သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူရန်အကြောင်းကြားခြင်း** ဟူသောစာသားဖြင့် အစားထိုးပြင်ဆင်ရန်" ပြင်ဆင်ချက်အဆိုတို့ကို တင်သွင်းကြသည်။

အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ၛ)အတွက် ပြင်ဆင်ချက်(၃)မျိုးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အဓိပ္ပာယ်ချင်းကွဲလွဲမှုမရှိသည့်အတွက် ပြင်ဆင်ချက်အဆိုများကို သဘောမတူပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင်ဦးသောင်းဟန်နှင့် အဆိုရှင်ဦးမောင်ဦးတို့က လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်းတင်ပြပြီး အဆိုရှင်တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးလေးနိုင်က ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်အား လက်ခံပါကြောင်းဖြင့်တင်ပြသည်။

အဆိုရှင်(၃)ဦး၏ ပြင်ဆင်ချက်အဆိုများနှင့်စပ်လျဉ်း၍ သီးခြားစီမဲခွဲဆုံးဖြတ်ရာ ဦးသောင်းဟန်၏အဆိုက ထောက်ခံမဲအများဆုံးရရှိသည်။

ဦးသောင်းဟန်၏အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ထပ်မံရယူရာ ထောက်ခံသူများသည့်အတွက် ဦးသောင်းဟန်၏ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

သို့ဖြစ်၍ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ၛ)သည် ဦးသောင်းဟန်၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၁၃၊ အပိုဒ်ခွဲ(န)ပါ မူလပြဋ္ဌာန်းချက်စာပိုဒ်၏အဆုံး အကြောင်းကြားခြင်း၏ရှေ့တွင် **အရေးယူရန်** ဟူသော စကားရပ်ဖြည့်စွက်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြထားသည့်အတွက် ပြည်ထောင်စုအစိုးရ၏သဘောထားကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ကန့်ကွက်ရန် မရှိပါကြောင်းဖြင့် တင်ပြသည်။

"အပိုဒ် ၁၃၊ အပိုဒ်ခွဲ(န)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်"အဆိုကို လွှတ်တော်က သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

"အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ပ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုနှင့်စပ်လျဉ်း၍ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးမောင်ဦးက ပြင်ဆင်ချက်အဆိုတင်သွင်းသည်။

"အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ပ) မူလပြဋ္ဌာန်းချက်နေရာတွင် **ကျေးရွာအချင်းချင်း/ ကျေးရွာအုပ်စုအချင်းချင်း အငြင်းပွားနိုင်သည့် မြေယာကျူးကျော်မှုများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ မြို့နယ်သို့ ဆောလျင်စွာတင်ပြရန်** ဟု အစားထိုးရန်" အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက **နိုင်ငံပိုင်မြေ၊ မြို့မြေ၊ စားကျက်မြေနှင့် ကျေးရွာမြေများသည် ပြည်ထဲရေးဝန်ကြီးဌာနက စီမံခန့်ခွဲရမည်ဖြစ်ပါကြောင်း၊ လယ်ယာမြေနှင့် မြေနုကျွန်းကိစ္စများသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စီမံခန့်ခွဲရမည်ဖြစ်ပါကြောင်း၊ သစ်တောမြေသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက စီမံရမည်ဖြစ်ပါကြောင်း၊ လမ်းမြေနှင့် သုသာန်မြေသည် စည်ပင်သာယာက စီမံရမည်ဖြစ်ပါကြောင်း၊ ကျေးရွာပိုင်ထင်းစိုက်ခင်းနှင့် ကျေးရွာပိုင်ဘုံမြေသည် ကျေးရွာမှထိန်းသိမ်းမြေဟူ၍ရှိပြီး ဦးစီးဌာနများ၏ ကိုင်တွယ်ကျင့်သုံးရသော ဥပဒေများအရ ခြားနားမှုရှိသဖြင့် အရေးယူရန်အကြောင်းကြားခြင်းဖြစ်ပါကြောင်းနှင့် ဖြည့်စွက်ရန် မလိုအပ်ပါကြောင်း**ဖြင့် တင်ပြသည်။

ဆုံးဖြတ်

အဆိုရှင်ဦးမောင်ဦးက လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်းတင်ပြသည့်အတွက် မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်သူများသည့်အတွက် ဦးမောင်ဦး၏ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်း ဆုံးဖြတ်သည်။

သို့ဖြစ်၍ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ပ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဖ)ပါ မူလပြဋ္ဌာန်းချက်စာပိုဒ်၏အဆုံး အကြောင်းကြားခြင်း၏ရှေ့တွင် **အရေးယူရန်** ဟူသော စကားရပ်ဖြည့်စွက်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတွက် ပြည်ထောင်စုအစိုးရ၏သဘောထားကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သီးခြားတင်ပြရန်မရှိပါကြောင်းဖြင့် တင်ပြသည်။

"အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဖ)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုကို လွှတ်တော်က သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဗ) မူလပြဋ္ဌာန်းချက်ပါ **ထူးခြားမှုအခြေအနေများ** စကားရပ်၏ နောက်တွင် **ကို** ဟူသော စကားလုံးထည့်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတွက် ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သီးခြားတင်ပြရန် မရှိပါကြောင်းဖြင့် တင်ပြသည်။

"အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဗ)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုကို လွှတ်တော်က သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဘ)ပါ မူလပြဋ္ဌာန်းချက် **လယ်ယာမြေစီမံခန့်ခွဲခြင်း၊ လယ်ယာမြေမူလအငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်ခြင်း** အစား **တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရလယ်ယာမြေစီမံခန့်ခွဲခြင်း** ဟူ၍ အစားထိုးပြင်ဆင်ရန် ဥပဒေကြမ်းကော်မတီက ***စာမျက်နှာ ၇ ကော်လံ ၁ သို့***

စာမျက်နှာ ၆ မှ

တင်ပြထားသကဲ့သို့ ဖောင်းပြင် မဲဆန္ဒနယ်မှ ဦးမောင်ဦးက "မူလပြဋ္ဌာန်းချက်နေရာတွင် **စစ်ဆေးဆုံးဖြတ်ရာတွင် ကော်မတီဖွဲ့ ဆောင်ရွက်ရန်** ဟူသောစာသားဖြင့် အစားထိုးရန်" ပြင်ဆင်ချက်အဆိုကို တင်သွင်းသည်။

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပိုမိုပြည့်စုံသည့် ပြင်ဆင်တင်ပြချက်ဖြစ်သည့်အတွက် မှတ်ချက်ပြုရန်မရှိပါကြောင်းဖြင့် တင်ပြသည်။

"အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဘ)သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ရ) မူလပြဋ္ဌာန်းချက် အကြောင်းကြားခြင်း၏ရှေ့တွင် **အရေးယူရန်** ဟူသည့် စကားရပ်ထည့်သွင်းရန် ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတွက် ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တင်ပြရန်မရှိပါကြောင်းဖြင့် တင်ပြသည်။

"အပိုဒ်၁၃၊ အပိုဒ်ခွဲ(ရ)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်"အဆိုကို လွှတ်တော်က သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

"အပိုဒ် ၁၃၊ အပိုဒ်ခွဲ(သ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုနှင့်စပ်လျဉ်း၍ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်က ပြင်ဆင်ချက်အဆိုကို တင်သွင်းရန်ဖြစ်သော်လည်း အဆိုကို ပြန်လည်ရုပ်သိမ်းလိုကြောင်းတင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(သ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်သည်။

အပိုဒ် ၁၅ အတွက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းအောင်က ပြင်ဆင်ချက်အဆို တင်သွင်းသည်။

"မူလပြဋ္ဌာန်းချက် အပိုဒ် ၁၅ ဒုတိယစာကြောင်း **ပေါ်ပေါက်လျှင်** ဟူသော စကားရပ်နောက်မှ **လိုအပ်ပါက** ဆိုသည့်စကားရပ်အားပယ်ဖျက်ရန်" အဆိုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား ဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက ဆောင်ရွက်ခွင့်ရှိပါကြောင်း၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကိုမကျေနပ်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြတိုင်ကြားခွင့်ရှိပါကြောင်း၊ အကြောင်းကိစ္စအားလုံးအပေါ်တွင် စစ်ဆေးစရာမလိုပါကြောင်း၊ လိုအပ်မှသာစုံစမ်းစစ်ဆေးမှု ပြုလုပ်သင့်ပါကြောင်းနှင့် ယခုစကားရပ်အား မဖြုတ်သင့်ပါကြောင်းဖြင့် တင်ပြသည်။

မြောက်ဦး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ ပြင်ဆင်ချက်အဆို တင်သွင်းစဉ်။ (သတင်းစဉ်)

သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် ပြင်ဆင်ချက်အဆို တင်သွင်းစဉ်။ (သတင်းစဉ်)

အဆိုရှင်ဗိုလ်မှူးသိန်းအောင်က ပြည်ထောင်စုဝန်ကြီး၏ဖြေကြားချက်အား လက်ခံပါကြောင်းနှင့် အဆိုကို ပြန်လည်ရုပ်သိမ်းလိုပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၁၅ သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်သည်။

အပိုဒ် ၁၅၊ အပိုဒ်ခွဲ(င)အတွက် ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသော်ဇင်တို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းရန်ဖြစ်သော်လည်း ပြန်လည်ရုပ်သိမ်းလိုပါကြောင်းဖြင့် တင်ပြသည်။

အတည်ပြု

သို့ဖြစ်၍ အပိုဒ် ၁၅၊ အပိုဒ်ခွဲ(င)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်သည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းအောင်က "မူလပြဋ္ဌာန်းချက် အပိုဒ် ၁၅၊ အပိုဒ်ခွဲ(က)မှ (င)အထိ နောက်တွင် အပိုဒ်ခွဲ(စ)အဖြစ် **ဤဥပဒေ အခန်း(၃)တွင် ပြဋ္ဌာန်းထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အရည်အချင်း ပျက်ယွင်းခြင်း** ဆိုသည့်အပိုဒ်ခွဲ(၁)ခု ဖြည့်စွက်ရန်" ပြင်ဆင်ချက်အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သီးခြားတင်ပြရန်မရှိပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၁၅ သည် ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်သည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်မောင်လွင်က "မူလပြဋ္ဌာန်းချက်ပါ **ပုဒ်မ ၅၊ ၆ နှင့် ၇** ဆိုသည့်စကားရပ်အစား **ပုဒ်မ ၅၊ ၆၊ ၇ နှင့် ၈** ဆိုသည့် စကားရပ်နှင့် စာပိုဒ်အဆုံးပါ **အစားထိုးခန့်အပ် တာဝန်ပေးရမည်** ဆိုသည့်စကားရပ်အစား **အသစ်ပြန်လည် ရွေးချယ်ခန့်အပ်ရမည်** ဆိုသည့်စကားရပ် အစားထိုးရန်" ပြင်ဆင်ချက်အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သက်တမ်းမကုန်မီကာလဖြစ်သဖြင့် အစားထိုးခန့်အပ်၍သာ ရပါကြောင်းနှင့် အသစ်ပြန်လည်ရွေးချယ်ခန့်အပ်ခြင်းမျိုး မဟုတ်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင်ဗိုလ်မှူးတင်မောင်လွင်က လွှတ်တော်၏အဆုံးအဖြတ် ရယူလိုကြောင်း တင်ပြသည့်အတွက် မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်သူများသည့်အတွက် ဗိုလ်မှူးတင်မောင်လွင်၏ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်း ဆုံးဖြတ်သည်။

သို့ဖြစ်၍ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(က)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်သည်။

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က "အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ရန်" ပြင်ဆင်ချက်အဆိုကို တင်သွင်းရန်ဖြစ်သော်လည်း ပြန်လည်ရုပ်သိမ်းလိုပါကြောင်းဖြင့် တင်ပြသည်။

သို့ဖြစ်၍ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်သည်။

"အခန်း(၁၁)ခေါင်းစဉ်အပါအဝင် အပိုဒ် ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀ နှင့် အခန်း(၁၂) ခေါင်းစဉ်အပါအဝင် အပိုဒ် ၃၁၊ ၃၂၊ ၃၃၊ ၃၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်" အဆိုနှင့်စပ်လျဉ်း၍ ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းက ပြင်ဆင်ချက်အဆို တင်သွင်းသည်။

ပယ်ဖျက်ခြင်းမပြုသင့်

"မူလပြဋ္ဌာန်းချက် **အခန်း(၁၁)ခေါင်းစဉ်အပါအဝင် အပိုဒ် ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀** နှင့် **အခန်း(၁၂)ခေါင်းစဉ်အပါအဝင် အပိုဒ် ၃၁၊ ၃၂၊ ၃၃၊ ၃၄ တို့ကို ပယ်ဖျက်ရန်**" အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏သဘောထားကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက **စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းမှာ အုပ်ချုပ်ရေးဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးသမားများအနေဖြင့် အုပ်ချုပ်ရမည့်သူများအား စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခွင့်ရှိမှသာလျှင် ရပ်ရွာ၏အေးချမ်းသာယာမှုကိုထိန်းသိမ်းနိုင်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူများ၏ တာဝန်ဝတ္တရားများကို ကြီးကြပ်နိုင်မည်ဖြစ်ပါကြောင်း၊ အခန်း(၇)၊ ပုဒ်မ ၁၃ တွင်ဖော်ပြထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များအား အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အုပ်ချုပ်ရေးနည်းလမ်းအရ အရေးယူခြင်းတို့အား ပယ်ဖျက်ခြင်းမပြုသင့်ပါကြောင်း**ဖြင့် တင်ပြသည်။

အဆိုရှင်ဦးစောလှထွန်းက လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်း တင်ပြသည့်အတွက် မဲခွဲဆုံးဖြတ်ရာ ထောက်ခံသူများသည့်အတွက် ဦးစောလှထွန်း၏ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

"မူလပြဋ္ဌာန်းချက် အပိုဒ် ၃၅၊ ၃၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်"အဆိုနှင့် စပ်လျဉ်း၍ ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းက ပြင်ဆင်ချက်အဆိုကို တင်သွင်းသည်။

"မူလပြဋ္ဌာန်းချက် အပိုဒ် ၃၅၊ ၃၆(သို့မဟုတ်)ပြန်လည်ပြင်ဆင်သော အပိုဒ်၂၅၊ ၂၆ ပါ **သက်ဆိုင်ရာ တရားသူကြီးက** ဆိုသည့်စကားရပ်အစား **သက်ဆိုင်ရာတရားရုံးက** ဆိုသည့် စကားရပ်အစားထိုးရန်"အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သီးခြားတင်ပြရန် မရှိပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဦးစောလှထွန်း၏ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

သို့ဖြစ်၍ မူလပြဋ္ဌာန်းချက် အပိုဒ် ၃၅၊ ၃၆ (သို့မဟုတ်) ပြန်လည်ပြင်ဆင်သော အပိုဒ် ၂၅၊ ၂၆ ရှိ **သက်ဆိုင်ရာ တရားသူကြီးက** ဆိုသည့် စကားရပ်အစား **သက်ဆိုင်ရာ တရားရုံးက** ဆိုသည့်စကားရပ်ကို အစားထိုးရန်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

"မူလပြဋ္ဌာန်းချက် အပိုဒ် ၃၈၊ အပိုဒ်ခွဲ(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုနှင့်စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီးကောင်းထက်စံက ပြင်ဆင်ချက်အဆို တင်သွင်းသည်။

"မူလပြဋ္ဌာန်းချက် အပိုဒ် ၃၈၊ အပိုဒ်ခွဲ(ဂ)အား **ပယ်ဖျက်ရန်**" အဆိုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ယခုပြဋ္ဌာန်းချက်အား ပယ်ဖျက်ခြင်းမပြုသင့်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဗိုလ်မှူး/ဗိုလ်ကြီးကောင်းထက်စံက လွှတ်တော်၏အဆုံးအဖြတ် ရယူလိုကြောင်း တင်ပြသည့်အတွက် မဲခွဲဆုံးဖြတ်ရာ ထောက်ခံသူများသည့်အတွက် ဗိုလ်မှူး/ဗိုလ်ကြီးကောင်းထက်စံ၏ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

သို့ဖြစ်၍ မူလပြဋ္ဌာန်းချက် အပိုဒ် ၃၈၊ အပိုဒ်ခွဲ(ဂ)အား ပယ်ဖျက်ရန်ဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်သည်။

"မူလပြဋ္ဌာန်းချက် အပိုဒ် ၃၉၊ အပိုဒ်ခွဲ(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုနှင့်စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီးကောင်းထက်စံက ပြင်ဆင်ချက်အဆို တင်သွင်းသည်။

"မူလပြဋ္ဌာန်းချက် အပိုဒ် ၃၉၊ အပိုဒ်ခွဲ(ခ)ပါ **ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)** စကားရပ်အစား **ပုဒ်မခွဲ(က)** ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ရန်" အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပုဒ်မခွဲ(က)နှင့်ပတ်သက်၍ ပြန်လည်စဉ်းစားသုံးသပ်ပေးနိုင်ရန် ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဗိုလ်မှူး/ဗိုလ်ကြီးကောင်းထက်စံက သီးခြားတင်ပြရန်မရှိပါကြောင်းဖြင့်တင်ပြသည်။

သို့ဖြစ်၍ မူလပြဋ္ဌာန်းချက် အပိုဒ် ၃၉၊ အပိုဒ်ခွဲ(ခ)ပါ **ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)** စကားရပ်အစား **ပုဒ်မခွဲ(က)** အတိုင်းထားရှိရန်ဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်သည်။

"မူလပြဋ္ဌာန်းချက် အပိုဒ် ၄၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုနှင့်စပ်လျဉ်း၍ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်က ပြင်ဆင်ချက်အဆိုတင်သွင်းရန်ဖြစ်သော်လည်း ပြန်လည်ရုပ်သိမ်းလိုပါကြောင်းတင်ပြသည့်အတွက် မူလပြဋ္ဌာန်းချက်အတိုင်း ထားရန်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

"မူလပြဋ္ဌာန်းချက် အပိုဒ် ၄၃ သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သင့်သည်" အဆိုနှင့်စပ်လျဉ်း၍ မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦးက ပြင်ဆင်ချက်အဆို တင်သွင်းသည်။

"မူလပြဋ္ဌာန်းချက် အပိုဒ် ၄၃၊ အပိုဒ်ခွဲ(ဃ)နေရာတွင် **နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအား ထိခိုက်မှုမရှိစေဘဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလုံခြုံရေးနှင့်ကာကွယ်ရေး အစီအမံများအရဆောင်ရွက်ခြင်း** ဆိုသည့်စကားရပ် အစားထိုးရန်" အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက နည်းဥပဒေနှင့်အညီ ဟူသော စကားရပ်သည် ရှေ့နောက်မညီသော စကားရပ်ဖြစ်ပါကြောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အခွင့်အရေးများစောင့်ရှောက်ပေးရမည်ဟု သီးခြားပြဋ္ဌာန်းထားပြီးဖြစ်၍ သီးခြားထပ်မံပြဋ္ဌာန်းရန်မလိုပါကြောင်းနှင့် ပြင်ဆင်ချက်အဆိုအား သဘောမတူပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင်ဦးထွန်းမြင့်ဦးက ပြည်ထောင်စုဝန်ကြီး၏ဖြေကြားချက်အား လက်ခံပါကြောင်းနှင့် အဆိုကို ပြန်လည်ရုပ်သိမ်းလိုပါကြောင်းဖြင့် တင်ပြသည့်အတွက် မူလပြဋ္ဌာန်းချက်အတိုင်းထားရန်ဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်သည်။

"ဥပဒေကြမ်းပါ နိဒါန်းနှင့်ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ညနေ ၄ နာရီ ၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေရှိရန် အလေးထားဆောင်ရွက်နေ

အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် (၁၃၂)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၆

နိုင်ငံတော်အတွင်း ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ဘဏ်လုပ်ငန်းကဏ္ဍ တိုးတက်သည်ထက် တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ဘဏ်များသည် နိုင်ငံခြားဘဏ်လုပ်ငန်းစတင်ဆောင်ရွက်ကြရတော့မည်ဖြစ်သဖြင့် ဘဏ်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်မားရေးနှင့် ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာ အသုံးချနိုင်ရေးအတွက် ကာလတို၊ ကာလရှည်ရည်မှန်းချက်များချမှတ်ပြီး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် ဘဏ်များ ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် စုံညီအစည်းအဝေးနှင့် (၁၃၂)ကြိမ်မြောက် အစည်းအဝေးတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အလေးထားဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (Action Plans) များ ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိရာ မြန်မာနိုင်ငံဘဏ်များအသင်းအနေဖြင့် မိမိတို့ကျရာကဏ္ဍမှ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေး မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ၏စီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေရှိစေရန်နှင့် ဟန်ချက်ညီဖြစ်စေရန် အလေးထားဆောင်ရွက်လျက် ရှိကြောင်းဖြင့် ပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးဝင်းသန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ ပြုပြင်ပြောင်းလဲလုပ်ဆောင်ရန်လိုအပ်သည့်လုပ်ငန်းစဉ်များနှင့် ဘဏ်များမှ အပ်ငွေအာမခံ (Deposit Insurance) ထားရှိရေးကိစ္စ အကောင်အထည်ဖော်ရေး ဆွေးနွေးပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှု ဒါရိုက်တာများက တင်ပြရန်ရှိသည်များ၊ ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာဆောင်ရွက်မှုများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြသည်။

အထောက်အကူပြု

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဘဏ်များ အသင်းသည် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးစေရန် ကူညီရင်း ပြည်သူတို့၏အကျိုးစီးပွားဖွံ့ဖြိုးရေးအတွက် ဘဏ်လုပ်ငန်းကဏ္ဍမှ အထောက်အကူပြုသွားကြရန် ဖြစ်ကြောင်း၊ ဘဏ်များအားလုံးသည် စဉ်ဆက်မပြတ်တိုးတက်မှုကို ရှေးရှုပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံ (၇) ကျောင်းဖွင့်လှစ်ပြီး

စိုက်ပျိုးရေးပညာရှင်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ

❐ *ကျောဖုံးမှ*

စိုက်ဧရိယာ (၁၁၃၀၈၄)ဧက၊ ရာခိုင်နှုန်းအားဖြင့်(၆၆ ဒသမ ၀၁)ရာခိုင်နှုန်းရှိပါကြောင်း၊ အဆိုပါ ရေကြီးကွင်း၊ ရေနက်ကွင်းများတွင် မိုးများသောနှစ်၊ မြစ်ရေကြီးသောနှစ်များ၌ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ခြင်းမရှိဘဲ စက်တင်ဘာလကုန်ပိုင်းနှင့် အောက်တိုဘာလ ပထမပတ်တို့တွင် ရေကျနောက်စိုက်စပါးများအဖြစ် လည်းကောင်း၊ ကွင်းရေနစ်မြုပ်၍ ရေကျဆင်းမှုနောက်ကျပါက မိုးစပါးစိုက်ပျိုးနိုင်မှုမရှိတော့ဘဲ ဆောင်းရာသီမှသာ ပဲမျိုးစုံနှင့်အခြားသီးနှံများကို လည်းကောင်း စိုက်ပျိုးရပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမြေများရေကြီးနစ်မြုပ်မှု ကာကွယ်ရေးအတွက် ရဲနွယ်တမံတည်ဆောက်၍ ကျောက်တံခါး၊ ညောင်လေးပင်၊ ဒိုက်ဦးမြို့နယ်များတွင် စိုက်ပျိုးမြေများပေါ်ထွက်လာရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

အကောင်အထည်ဖော်

စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် ရေနက်ကွင်းဧရိယာများအား ရေတော်မိုးတော်ဧရိယာများအဖြစ် ပြောင်းလဲပေးခြင်းဖြင့် မိုးစပါးတစ်သီးအပြင် ဆောင်းသီးနှံသီးထပ် စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ဒေသခံတောင်သူလယ်သမားများ ဝင်ငွေပိုမိုတိုးတက်ရရှိလာနိုင်မည်ဖြစ်သည့်အပြင် ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုဘေးဒဏ်မှ ကာကွယ်နိုင်မည်ဖြစ်သည့်အတွက် စစ်တောင်းမြစ်ဝှမ်းလွင်ပြင်ဒေသ ရေကြီးနစ်မြုပ်မှုကာကွယ်ရေးနှင့် မြေယာဖော်ထုတ်နိုင်ရေးလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းလေ့လာမှုများ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေကြေးခွင့်ပြုပေးနိုင်မှုအပေါ်သာမူတည်ပြီး လုပ်ငန်းများအကောင်အထည်ဖော်ပေးသွားနိုင်မည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်၏ **“လယ်ယာလုပ်ရန် မသင့်လျော်သော မြေပေါ်တွင် သက်ဆိုင်ရာအာဏာပိုင်တို့၏ ခွင့်ပြု**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ချက်ဖြင့် စိုက်ပျိုးပြီးမှ ပြည်သူပိုင်သိမ်းယူခဲ့သော ရော်ဘာခြံများအား မူလပိုင်ရှင်သို့ ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပြန်လည်ပေးအပ်ခြင်း မပြုပါက မူလပိုင်ရှင်များအား နစ်နာကြေး(လျော်ကြေး)ပေးရန် အစီအစဉ် ရှိ/မရှိ” မေးခွန်းနှင့်စပ်လျဉ်း၍ **ရခိုင်ပြည်နယ်တွင် ယနေ့အထိ ရော်ဘာစိုက်ဧက စုစုပေါင်း (၃၃၈၇၆)ဧကရှိပြီး နိုင်ငံပိုင်စိုက်ခင်းအနေဖြင့် အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းက သံတွဲခရိုင်တွင် (၂၆၆၇)ဧကစိုက်ပျိုးထားကြောင်းနှင့် အဆိုပါရော်ဘာစိုက်ခင်းလုပ်ကွက်များအတွင်းတွင် တောင်သူပိုင်လုပ်ကွက်များ ပါဝင်မှုမရှိကြောင်းကို သိရှိရပါကြောင်း။**

တိုးချဲ့စိုက်ပျိုး

ယင်းရော်ဘာစိုက်ခင်းများသည် ယခင်မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ်နှင့် ဂွမြို့နယ်တို့မှ ရော်ဘာစိုက်ခင်း ဧက (၁၄၀၀)ကို ၂၀၀၄ ခုနှစ်တွင် လွှဲပြောင်းရယူခဲ့ခြင်းဖြစ်ပြီး သံတွဲမြို့နယ်၊ ဂွမြို့နယ်နှင့် တောင်ညိုကြီးဝိုင်းအတွင်း စုစုပေါင်း(၁၂၆၇)ဧကကို ဆက်လက်တိုးချဲ့စိုက်ပျိုးခဲ့ခြင်း ဖြစ်ပါကြောင်း၊ သံတွဲမြို့နယ်အတွင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနသို့ ၂၀၁၀ ခုနှစ်တွင် လုပ်ပိုင်ခွင့်ပြုမိန့်များချထားပေးခဲ့ရာ၌ တောင်သူပိုင်လုပ်ကွက်များ မပါဝင်ကြောင်းနှင့် ပြည်သူပိုင် သိမ်းယူထားခဲ့သော ရော်ဘာခြံများပါဝင်မှု မရှိကြောင်းကို မှတ်တမ်းများအရ စိစစ်တွေ့ရှိရပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအလို့ငှာ အမျိုးသားစီမံကိန်းဆိုင်ရာ National Project များအတွက် လိုအပ်ချက်အရ ပုဂ္ဂလိကပိုင် ရော်ဘာစိုက်ခင်းများအား သိမ်းယူရန်လိုအပ်ပါက သက်ဆိုင်ရာနယ်မြေဒေသအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ မြေပြင်ကြီးကြပ်စိစစ်ဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကပိုင်ရှင်ဖြစ်သူ၏ ရင်းနှီးမြှုပ်နှံကုန်ကျထားမှုများအပေါ်တွင် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများမှ ကာလတန်ဖိုးနှင့်အညီ တန်ဖိုးသတ်မှတ်ပြီး ပြန်လည်ပေးချေရေး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ယခုအခါ မိမိဌာန၏ရော်ဘာစိုက်ခင်းများအား နိုင်ငံတော်၏ အစီအမံများအရ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ် (၂)စက်မှုဝန်ကြီးဌာနတို့သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်၍ ဖြေရှင်းဆောင်ရွက်ရန် ကြွေးကျန်ကိစ္စရပ်များရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်ပါကြောင်းနှင့် ရခိုင်ပြည်နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင် ရော်ဘာစိုက်ခင်းများ မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်၏ **“ကချင်ပြည်နယ်သည် နိုင်ငံ၏ စတုတ္ထစပါးကျီဖြစ်ရမည်ဟူသော ရည်မှန်းချက်အောင်မြင်စေရန်အတွက် မိုးညှင်းခရိုင်နှင့် ဗန်းမော်ခရိုင်အတွင်း စိုက်ပျိုးရေရရှိရန် လက်ရှိပျက်စီးယိုယွင်းလျက်ရှိသောဆည်များအား ပြန်လည်ပြုပြင်ရန်နှင့် ဆည်အသစ်များ ထပ်မံတိုးချဲ့တည်ဆောက်ပေးရန် အစီအမံများရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မိုးညှင်းခရိုင်နှင့် ဗန်းမော်ခရိုင်အတွင်းတွင် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ထားသော ဆည်(၁)ခုရှိပြီး အကျိုးပြုဧကမှာ ဧက(၁၅၄၀) ရှိပါကြောင်း၊ ကျေးလက်ဆည်မြောင်းလုပ်ငန်းများ အနေဖြင့် မိုးညှင်းခရိုင်တွင်(၁၆)ခုနှင့် ဗန်းမော်ခရိုင်တွင်(၅)ခု စုစုပေါင်း(၂၁)ခုရှိပြီး အကျိုးပြုဧက (၁၅၁၉၆)ဧက ရှိပါကြောင်း၊ ဆည်များအား နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် အထူးပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စူးစမ်းလေ့လာ

မိုးညှင်းမြို့နယ်ရှိ ဧက(၄၀၀၀)အကျိုးပြုမည့် တကွင်းရေလွှဲဆည်ကို ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် စစ်ဆေးလေ့လာ တိုင်းတာမှုများ ဆောင်ရွက်ပြီးစီး၍ ဆောင်ရွက်မည့်အစီအစဉ်များ ရေးဆွဲပြီးဖြစ်ပြီး ဗန်းမော်မြို့နယ်ရှိ ဧက(၁၂၀၀)အကျိုးပြုမည့် ဝါတိန်းရေလွှဲဆည်ကို အကောင်အထည်ဖော် တည်ဆောက်ရန်အတွက် စူးစမ်းလေ့လာမှုများ ဆောင်ရွက်ဆဲဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်က **“ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်နှင့် နမ္မတူမြို့နယ်အတွင်းရှိ အချို့ဒေသများတွင် ဒေသခံတောင်သူလယ်သမားများ၏ ဘိုးဘွားလက်ထက်ကတည်းက လုပ်ကိုင်စားသောက်ခဲ့ကြရသော လယ်ယာမြေများသည် တပ်မြေချဲ့ထွင်ခြင်း၊ မအောင်မြင်သော အစိုးရစီမံကိန်းအချို့နှင့် ကုမ္ပဏီလုပ်ငန်းအချို့တို့ကြောင့် တောင်သူလယ်သမားတို့၏ အသက်မွေးဝမ်းကျောင်းမှုအတွက် လုပ်ကိုင်စားသောက်ခဲ့သော လယ်ယာမြေများ လက်လွတ်ဆုံးရှုံးခဲ့ရမှုများ ဖြစ်ပေါ်နေပါကြောင်း၊ ဤကဲ့သို့သော လယ်ယာမြေပြဿနာများ အခြားဒေသများတွင်လည်း ဖြစ်ပေါ်နိုင်ပါကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်၍ မည်သို့သောအစီအစဉ်များဖြင့် ပြုလုပ်ဆောင်ရွက် ဖြေရှင်းပေးသွားမည်၊ မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်ဆိုသည်ကို သိရှိလိုပါကြောင်း”** မေးမြန်းရာ **ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်နှင့်နောင်ချိုမြို့နယ်တို့တွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများအား ထောက်ပံ့နိုင်ရေးအတွက် ဒေသအတွင်းမြေလွတ်မြေရိုင်း လုပ်ကိုင်ခွင့်များ စနစ်တကျလျှောက်ထားရယူပြီး စပါး၊ အစေ့ထုတ်ပြောင်းနှင့် မြေပဲများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြကြောင်းကို သိရှိပါကြောင်း။**

မြေယာဖော်ထုတ်

အလားတူ ကုမ္ပဏီလုပ်ငန်းရှင်များကလည်း ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်နှင့် နမ္မတူမြို့နယ်တို့တွင် မြေလွတ်မြေရိုင်းလုပ်ကိုင်ခွင့် လျှောက်ထားရယူလျက် စပါး၊ အစေ့ထုတ်ပြောင်း၊ ကြံစသည့် ရာသီသီးနှံများနှင့် ရော်ဘာ၊ ကော်ဖီ၊ သရက်စသည့် နှစ်ရှည်ပင်များ မြေယာဖော်ထုတ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း။

မြေလွတ်မြေရိုင်းလုပ်ကိုင်ခွင့် လျှောက်ထားသည့် ကိစ္စရပ်များတွင် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျလျှောက်ထားတင်ပြကြခြင်းဖြစ်ကြောင်းနှင့် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်နှင့် ပြည်နယ်အဆင့် လုပ်ငန်း/ဌာနများက အဆင့်ဆင့်စိစစ်ပြီး ဒေသအာဏာပိုင်၏ ထောက်ခံချက်ဖြင့် လုပ်ကိုင်ခွင့်ပြုချထားဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ညှိနှိုင်းပေါင်းစပ်

မြေယာများဖော်ထုတ်လုပ်ကိုင်ဆောင်ရွက်ကြရာတွင် ဆက်စပ်လျက်ရှိနေသည့် ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေများနှင့် ပတ်သက်၍ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ဆိုင်ရာလုပ်ငန်းဌာနများ၏ စိစစ်တင်ပြချက်များအရ နယ်မြေခံတပ်၊ ဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့တို့အနေဖြင့် ညှိနှိုင်းပေါင်းစပ်ပြီး အဆင်ပြေစွာ ဖြေရှင်းဆောင်ရွက်နိုင်ကြပါကြောင်း။

တစ်ဖက်တွင်လည်း နယ်မြေဒေသအတွင်း ဒေသခံတောင်သူများ အင်အားဖြင့် ဖော်ထုတ်စိုက်ပျိုး လုပ်ကိုင်နိုင်မှုမရှိသည့် မြေလွတ်မြေရိုင်းများကို အရင်းအနှီး စိုက်ထုတ်လုပ်ကိုင်နိုင်သူများက လာရောက်ရင်းနှီးလုပ်ကိုင်ကြခြင်းဖြင့် ဒေသခံပြည်သူလူထုအနေဖြင့် ဝင်ငွေနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းရရှိပြီး ဒေသဖွံ့ဖြိုးရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ၁၂-၇-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၇-/၂၀၁၁ ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီအသစ်ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ပါကြောင်း၊ အသစ်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ဗဟိုကော်မတီအနေဖြင့် ဥပဒေမူကြမ်းများအား အဆင့်ဆင့်ရေးဆွဲပြုစုလျက် အစိုးရအဖွဲ့သို့ တင်ပြထားပြီး အစိုးရအဖွဲ့က လိုအပ်ချက်များကို ဖြည့်စွက်တည်းဖြတ် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ အစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိပါက ယခုကျင်းပလျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကိုင်တွယ်ဖြေရှင်း

သို့ဖြစ်ပါ၍ တောင်သူလယ်သမားတို့၏ လက်ငုတ်ဖြစ်သော အသက်မွေးဝမ်းကျောင်းမှုအတွက် လုပ်ကိုင်စားသောက်ခဲ့သော လယ်မြေများအား လက်လွတ်ဆုံးရှုံးခဲ့ရမှု ဖြစ်ပေါ်နေရခြင်းကို ဖြစ်ပေါ်လာမည့် ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်၏ **“ကချင်ပြည်နယ်တွင် စိုက်ပျိုးရေး၊ သစ်တောတို့နှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းလျက်ရှိသော အခြေခံလူတန်းစားများမှာ ကချင်ပြည်နယ်လူဦးရေ၏ (၇၅) ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ သို့ပါ၍ စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေး၊ ပြုစုပျိုးထောင်ရေးတို့နှင့်စပ်လျဉ်းသည့် ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးအထက်တန်းကျောင်းနှင့် သစ်တောကျောင်းများကို မြစ်ကြီးနားမြို့၌ ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ **ဝန်ကြီးဌာနအနေဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံ(၇)ကျောင်းဖွင့်လှစ်ပြီး စိုက်ပျိုးရေးပညာရှင်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ကချင်ပြည်နယ်မှ တိုင်းရင်းသားများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ တိုင်းရင်းသားအားလုံး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနည်းပညာများ ဆည်းပူးနိုင်ရန်အတွက် ဦးစားပေးအစီအစဉ်ဖြင့် လက်ခံသင်ကြားပေးလျက်ရှိပါကြောင်း။**

မြစ်ကြီးနားမြို့မှ ကျောင်းသားကျောင်းသူများအနေဖြင့် ရေမြေသဘာဝနီးစပ်ပြီး ခရီးကွာဝေးမှုမရှိသည့် ရွှေဘိုစိုက်ပျိုးရေးသိပ္ပံတွင် တက်ရောက်သင်ကြားနိုင်ပါကြောင်း၊ မြစ်ကြီးနားမြို့တွင် စိုက်ပျိုးရေးသိပ္ပံ သို့မဟုတ် စိုက်ပျိုးရေးအထက်တန်းကျောင်းတစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေနှင့် ဖွဲ့စည်းပုံခွင့်ပြုချက် ရရှိရေးအတွက် တင်ပြစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်းတွင် နှစ်စဉ်သင်တန်းသားဦးရေ(၂၀၀)ခန့် ရွေးချယ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်းနှင့် ယင်းသင်တန်းကျောင်းသည် ပြည်ထောင်စုတစ်ဝန်းလုံးရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်မှ နိုင်ငံ့ဝန်ထမ်းအသီးသီးတို့အတွက် သစ်တောပညာရပ်များသင်ကြားရန် လုံလောက်သော နေရာတစ်ခုဖြစ်ပါသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး / ပြည်နယ်အသီးသီးတွင် သစ်တောကျောင်းများဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

အတည်ပြု

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ **“မတော်တဆထိခိုက်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဘေးကင်းလုံခြုံရေးအရာရှိ (Safety Officer) ခန့်ထားနိုင်ရန်”** အဆို၏ ခေါင်းစဉ်အား **“နိုင်ငံတော်အတွင်း နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့်ပုဂ္ဂလိကပိုင်လုပ်ငန်းဟူသမျှတွင် မတော်တဆထိခိုက်မှုအန္တရာယ်ဖြစ်ပွားမှုမရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် အမိန့်ညွှန်ကြားချက်များဖြင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုအဖြစ် ပြောင်းလဲတင်သွင်းမှုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပမည့် (၃၂) ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များ အထွေထွေညီလာခံတက်ရောက်ရန် ထွက်ခွာခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက အစည်းအဝေးကို ကြီးကြပ်ဆောင်ရွက်သည်။

ပြန်လည်ဖြေကြား

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၅)ဦးတို့က လျှပ်စစ်ကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရွှန်၏ **“တနင်္သာရီတိုင်းဒေသကြီးရှိ မြို့များတွင် ကိုယ့်အားကိုယ်ကိုး ဒီဇယ်လောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်များဖြင့် (၂၄)နာ[...] လျက်ရှိပြီး ဒီဇယ်ဆီဈေးအတက်အကျအလိုက် [...] ရှိကြ၍ ပြည်သူများမှာ လျှပ်စစ်ဓာတ်အားကို [...] ဝင်ငွေနှင့်ချင့်ချိန်ပြီး သုံးစွဲနေရပါကြောင်း၊ လျှပ်စ[...] ချိုသာစွာသုံးစွဲနိုင်မည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စ[...] နိုင်ငံတော်မှထုတ်လုပ်ဖြန့်ဖြူးပေးမည့် အစီအစဉ်[...]”** မေးခွန်းနှင့်စပ်လျဉ်း၍ **တနင်္သာရီတိုင်းဒေသကြီး ထ[...] လျှပ်စစ်အင်ဂျင်နီယာရုံးထားရှိပြီး ခရိုင်၊ မြို့နယ်ရုံ[...] ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်လ[...] မြို့ကို ရေအားလျှပ်စစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေ[...] (၁၇)မြို့ကို မြို့မီးလင်းရေးကော်မတီနှင့်ကုမ္ပဏီမျ[...] များဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေပါကြောင်း၊ [...] မြိတ်၊ ကော့သောင်း၊ ကျွန်းစု၊ ပုလောမြို့တို့တွင် [...] ချောင်း၊ မောင်းမကန်မြို့တို့တွင် တစ်ရက်(၁၂)နာရီ[...]**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်[...] လက်မှတ်ရေးထိုးကြစဉ်။

တို့တွင် တစ်ရက်(၆)နာရီ၊ တနင်္သာရီနှင့် ပုလောက်[...] ရေဖြူ၊ လောင်းလုံး၊ မေတ္တာ၊ ကလိန်အောင်၊ ခမော[...] တစ်ရက်(၄)နာရီနှင့် ပြည်ကြီးမဏ္ဍိုင်မြို့တွင် တစ်ရ[...] ပေးလျက်ရှိပါကြောင်း။

အသုံးပြုခွင့်ပေးထား[...]

မြို့မီးလင်းရေးကော်မတီနှင့် ဓာတ်အားပေး[...] ဌာနပိုင် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှ[...] ပေးထားပြီး ကြိုခိုင်ထိန်းသိမ်းခြင်းလုပ်ငန်းနှ[...] လုပ်ငန်းများကို ဌာနကဆောင်ရွက်ပေးလျက်ရှိပ[...]

တနင်္သာရီတိုင်းဒေသကြီးရှိ ကမ်းလွန်ဒေသ[...] များဖြင့် မောင်းနှင်ရရှိသည့် လျှပ်စစ်ဓာတ်အ[...] စက်ရုံများမှရရှိသော လျှပ်စစ်ဓာတ်အားများနှင့် [...] ပို့လွှတ်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရ[...] သည့် နိုင်ငံတော်ဓာတ်အားစနစ်သည် မွန်ပြည်နယ်[...] ပြီးဖြစ်ကာ ထိုမှတစ်ဆင့် သံဖြူဇရပ်မြို့နယ်အထိ [...] ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

မော်လမြိုင်မြို့သို့ (၂၃၀)ကေဗွီမဟာဓာ[...] ယင်းမှတစ်ဆင့် ထားဝယ်၊ မြိတ်၊ ဘုတ်ပြင်းနှင့် [...] မဟာဓာတ်အားလိုင်းများ ရောက်ရှိရေးအတွက် [...] ကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်[...] **“ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားယူနစ်[...] ES)အခြေအနေကို သိရှိလိုပါကြောင်း”**နှင့် [...] မေးမြန်းရာ ရန်ကုန်မြို့တော်အတွင်း ဓာတ်အား[...] ခုနှစ်တွင် (၂၄ ဒသမ ၂၆) ရာခိုင်နှုန်း၊ ၂၀၀၈[...] ရာခိုင်နှုန်း၊ ၂၀၀၉ ခုနှစ်တွင် (၂၂ ဒသမ ၁၈) [...] တွင် (၂၀ ဒသမ ၄၁)ရာခိုင်နှုန်းနှင့်၂၀၁၁ ခုနှ[...] ကြောင်းနှင့် ဓာတ်အားပျောက်ဆုံးမှုများမှာ အဓိက[...] ပျောက်ဆုံးမှု (Technical Losses)နှင့် လူကြောင့်[...] Technical Losses) ဟူ၍ အပိုင်းနှစ်ပိုင်းရှိသ[...]

အစားထိုးလဲလှယ်

နည်းပညာပိုင်းဆိုင်ရာ ပျောက်ဆုံးမှု [...] ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည့် ဓာ[...] အစားအကွာအဝေးနှင့် သစ်ပင်သစ်ကိုင်းများ ထိ[...] ကြောင်း၊ မည်သည့်အရာဝတ္ထုသစ်ပင်များနှင့်မျှ ထိစပ်[...] ပို့လွှတ်သည့် နေရာမှလက်ခံသည့်နေရာအထိ [...] ဓာတ်အားပျောက်ဆုံးမှု(၇)ရာခိုင်နှုန်း ရှိနေကြောင်[...] အလားတူဓာတ်အားပျောက်ဆုံးမှု (၇)ရာခိုင်နှုန်း[...] ရပါကြောင်း၊ ဓာတ်အားဖြန့်ဖြူးပေးသော ဓာတ်[...] ယခင်အချိန်က သုံးစွဲသူများ၏ ဓာတ်အားပမာဏ[...] ရှိခဲ့သော်လည်း ဓာတ်အားသုံးစွဲမှု တိုးတက်လာခြ[...] ဓာတ်အားလိုင်းကြိုးများကို ကြိုးကြီးများဖြင့် လဲလှ[...] လိုင်းကြိုးများ ရှည်လျားစွာတည်ရှိမှုနည်းရန် ဓာ[...] ခြင်း၊ ဝန်အားပိုထရန်စဖော်မာများ လျော့နည်းစေရ[...] တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ရန်ပုံ[...] ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တွင် [...] တိုးတက်များပြားလာသည့်အတွက် ဓာတ်အားသုံးစွဲ[...]

သုံး လျှပ်စစ်ဓာတ်အားပေးစက်များဖြင့် (၂၄)နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဝေလျက်ရှိပြီး ဒီဇယ်ဆီဈေးအတက်အကျအလိုက် မီတာခများ ကောက်ခံလျက်ရှိကြ၍ ပြည်သူများမှာ လျှပ်စစ်ဓာတ်အားကို ဖောဖောသီသီအသုံးမပြုနိုင်ဘဲ ဝင်ငွေနှင့်ချင့်ချိန်ပြီး သုံးစွဲနေရပါကြောင်း၊ လျှပ်စစ်ဓာတ်အားများကို ဈေးနှုန်းချိုသာစွာသုံးစွဲနိုင်မည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများဖြင့် နိုင်ငံတော်မှထုတ်လုပ်ဖြန့်ဖြူးပေးမည့် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' မေးခွန်းနှင့်စပ်လျဉ်း၍ **တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးထားရှိပြီး ခရိုင်၊ မြို့နယ်ရုံးပေါင်း(၂၁)ရုံးဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မလိကျွန်းမြို့ကို ရေအားလျှပ်စစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ကျန် (၁၇)မြို့ကို မြို့မီးလင်းရေးကော်မတီနှင့်ကုမ္ပဏီများက ဒီဇယ်စက်၊ စပါးခွံစက်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေပါကြောင်း၊ ယင်းမြို့များအနက် ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ကျွန်းစု၊ ပုလောမြို့တို့တွင် (၂၄)နာရီပတ်လုံး၊ သရက်ချောင်း၊ မောင်းမကန်မြို့တို့တွင် တစ်ရက်(၁၂)နာရီ၊ မလိကျွန်းနှင့် ဘုတ်ပြင်းမြို့တို့တွင် တစ်ရက်(၆)နာရီ၊ တနင်္သာရီနှင့် ပုလောက်မြို့တို့တွင် တစ်ရက် (၅)နာရီ၊ ရေဖြူ၊ လောင်းလုံ၊ မေတ္တာ၊ ကလိန်အောင်၊ ခမောက်ကြီး၊ ကရသူရီမြို့တို့တွင် တစ်ရက်(၄)နာရီနှင့် ပြည်ကြီးမဏ္ဍိုင်မြို့တွင် တစ်ရက် (၃)နာရီနှုန်းဖြင့် ဓာတ်အားပေးလျက်ရှိပါကြောင်း။**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အသုံးပြုခွင့်ပေးထား

မြို့မီးလင်းရေးကော်မတီနှင့် ဓာတ်အားပေးသောကုမ္ပဏီများအား ဝန်ကြီးဌာနပိုင် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် မီးစက်များကို အသုံးပြုခွင့်ပေးထားပြီး ကြံ့ခိုင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဌာနကဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးရှိ ကမ်းလွန်ဒေသမှရရှိသော သဘာဝဓာတ်ငွေ့များဖြင့် မောင်းနှင်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို ရေအားလျှပ်စစ်စက်ရုံများမှရရှိသော လျှပ်စစ်ဓာတ်အားများနှင့် ပေါင်းစပ်ပြီး နိုင်ငံတစ်ဝန်းသို့ ပို့လွှတ်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ယင်းသို့ ပို့လွှတ်ဖြန့်ဖြူးနေသည့် နိုင်ငံတော်ဓာတ်အားစနစ်သည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ကို ရောက်ရှိပြီးဖြစ်ကာ ထိုမှတစ်ဆင့် သံဖြူဇရပ်မြို့နယ်အထိ လျှပ်စစ်ဓာတ်အား ရောက်ရှိဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

မော်လမြိုင်မြို့သို့ (၂၃၀)ကေဗွီမဟာဓာတ်အားလိုင်း ရောက်ရှိပါက ယင်းမှတစ်ဆင့် ထားဝယ်၊ မြိတ်၊ ဘုတ်ပြင်းနှင့် ကော့သောင်းမြို့များအထိ မဟာဓာတ်အားလိုင်းများ ရောက်ရှိရေးအတွက် စီမံကိန်းများ ချမှတ်ထားပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာတင်ရွှေ၏ **''ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားယူနစ်ပျောက်ဆုံးမှု**(UNIT LOSSES)**အခြေအနေကို သိရှိလိုပါကြောင်း''**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းရာ ရန်ကုန်မြို့တော်အတွင်း ဓာတ်အားပျောက်ဆုံးမှုများမှာ ၂၀၀၇ ခုနှစ်တွင် (၂၄ ဒသမ ၂၆) ရာခိုင်နှုန်း၊ ၂၀၀၈ခုနှစ်တွင် (၂၂ ဒသမ ၉၈) ရာခိုင်နှုန်း၊ ၂၀၀၉ ခုနှစ်တွင် (၂၂ ဒသမ ၁၈) ရာခိုင်နှုန်းနှင့် ၂၀၁၀ ခုနှစ်တွင် (၂၀ ဒသမ ၄၁)ရာခိုင်နှုန်းနှင့်၂၀၁၁ ခုနှစ်တွင် (၁၉)ရာခိုင်နှုန်းတို့ရှိကြောင်းနှင့် ဓာတ်အားပျောက်ဆုံးမှုများမှာ အဓိကအားဖြင့် နည်းပညာဆိုင်ရာပျောက်ဆုံးမှု (Technical Losses)နှင့် လူကြောင့်ဖြစ်သောပျောက်ဆုံးမှု (Non Technical Losses) ဟူ၍ အပိုင်းနှစ်ပိုင်းရှိသည်ကို တွေ့ရှိရပါကြောင်း။

အစားထိုးလဲလှယ်

နည်းပညာပိုင်းဆိုင်ရာ ပျောက်ဆုံးမှု ဖြစ်ပေါ်ရခြင်းတစ်ချက်မှာ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည့် ဓာတ်အားလိုင်းများ၏ အရွယ်အစားအကျွာအဝေးနှင့် သစ်ပင်သစ်ကိုင်းများ ထိစပ်နေခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ မည်သည့်အရာဝတ္ထုသစ်ပင်များနှင့်မျှ ထိစပ်ခြင်းမရှိသော်လည်း ဓာတ်အားပို့လွှတ်သည့် နေရာမှလက်ခံသည့်နေရာအထိ ဓာတ်အားလိုင်းများကြားတွင် ဓာတ်အားပျောက်ဆုံးမှု(၇)ရာခိုင်နှုန်း ရှိနေကြောင်းနှင့် နိုင်ငံတကာတွင်လည်း အလားတူဓာတ်အားပျောက်ဆုံးမှု (၇)ရာခိုင်နှုန်းခန့် ရှိနေကြောင်းကို တွေ့ရှိရပါကြောင်း၊ ဓာတ်အားဖြန့်ဖြူးပေးသော ဓာတ်အားလိုင်းကြိုးများ အနေဖြင့် ယခင်အချိန်က သုံးစွဲသူများ၏ ဓာတ်အားပမာဏနှင့် လိုင်းကြိုးများ ကိုက်ညီမှုရှိခဲ့သော်လည်း ဓာတ်အားသုံးစွဲမှု တိုးတက်လာခြင်းကြောင့် သေးငယ်နေသည့် ဓာတ်အားလိုင်းကြိုးများကို ကြိုးကြီးများဖြင့် လဲလှယ်ခြင်း၊ အကွာအဝေးကြောင့် လိုင်းကြိုးများ ရှည်လျားစွာတည်ရှိမှုနည်းရန် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ဝန်အားပိုထရန်စဖော်မာများ လျော့နည်းစေရန် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ရန်ပုံငွေခွင့်ပြုချက် တောင်းခံပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တွင် အဆောက်အအုံများလည်း တိုးတက်များပြားလာသည့်အတွက် ဓာတ်အားသုံးစွဲမှုနှင့် ဓာတ်အားလိုင်းကြိုးများ လိုက်လျောညီထွေမှုမရှိတော့သဖြင့် နည်းပညာပိုင်းဆိုင်ရာ ဓာတ်အားပျောက်ဆုံးမှုများ ဖြစ်ပေါ်နေကြောင်းကိုလည်း တွေ့ရှိရပါကြောင်း၊ ယင်းပျောက်ဆုံးမှုများ လျော့နည်းကျဆင်းစေရေးအတွက် အပတ်စဉ် ဓာတ်အားပိတ်ပြီး သစ်ပင်ခုတ်ခြင်း၊ မြို့နယ်အသီးသီးတွင် ဓာတ်အားလိုင်းများနှင့်ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဩဂုတ်လအထိ ရပ်၊ ပျက်၊ နေးနှင့် နှစ်ကြာမီတာ (၂၁၂၂၇၆)လုံးတို့ကို အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

လူကြောင့်ဖြစ်ပေါ်သည့် ဓာတ်အားပျောက်ဆုံးမှုမှာ ဓာတ်အားသုံးစွဲသူများမှ တရားမဝင် ဓာတ်အားသုံးစွဲမှုများ၊ လစဉ်သုံးစွဲယူနစ်ဖတ်ရှုရာတွင် မှားယွင်းမှုများကြောင့် ဖြစ်ပေါ်ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တော်အတွင်း ၂၀၀၆ခုနှစ်မှ ၂၀၁၁ ခုနှစ် ဇူလိုင်လအထိ တရားမဝင်ဓာတ်အားသုံးစွဲမှုစုစုပေါင်း (၁၁၃၄၄)မှု ဖမ်းဆီးနိုင်ခဲ့ပြီး နစ်နာမှုယူနစ်သန်းပေါင်း(၅၇ ဒသမ ၆၄)အတွက် ဒဏ်ကြေးငွေ ကျပ်သန်းပေါင်း(၂၉၈၉ ဒသမ ၉၈)သန်းနှင့် အမေရိကန်ဒေါ်လာ (၂၆၈၄၃ ဒသမ ၈၇) ဒေါ်လာတို့အား စစ်ဆေးတောင်းခံခဲ့ပါကြောင်း၊ ဓာတ်အားသုံးစွဲသူများ၏ ဓာတ်အားခိုးယူသုံးစွဲမှုများ မရှိစေရေး မြို့နယ်များအလိုက် လစဉ်ကွင်းဆင်း စစ်ဆေးလျက်ရှိပါကြောင်း။

ပြည်သူများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ရောင်းချပေးရာတွင်လည်း အိမ်သုံးတစ်ယူနစ်လျှင် (၂၅) ကျပ်နှုန်း၊ စက်မှုသုံးတစ်ယူနစ်လျှင် (၅၀) ကျပ်နှုန်း ရောင်းချပေးနေသော်လည်း ဓာတ်အားတစ်ယူနစ် ထုတ်လုပ်စရိတ်မှာ အရင်း (၆၀)ကျပ်နှုန်းကျော်နေပြီဖြစ်သည့်အတွက် နိုင်ငံတော်မှ လစဉ်အရှုံးခံပြီး ပေးနေရပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံး ဘဏ္ဍာရေးနှစ်အတွင်း ဓာတ်အား ယူနစ်သန်းပေါင်း (၁၀၈၈၄ ဒသမ ၀၉၅)သန်း ဖြန့်ဖြူးပေးခဲ့ပြီး ငွေကျပ် (၂၆၁ ဒသမ ၃၂၄) ဘီလီယံခန့် နိုင်ငံတော်မှ အရှုံးခံ ဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွက်လည်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သို့ ဘဏ္ဍာရေးနှစ်အတွင်း ဓာတ်အားယူနစ် သန်းပေါင်း (၄၉၂၁ ဒသမ ၂၈၂) သန်းခွဲဝေပေးခဲ့ပြီး ငွေကျပ် (၁၁၈ ဒသမ ၁၆)ဘီလီယံခန့် အရှုံးခံ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

Unit Losses ကျဆင်းစေရေးအတွက် သုံးစွဲယူနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန် ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ရန်ကုန်တိုင်း ဒေသကြီးတွင် ဓာတ်အားစနစ် တိုးတက်ကောင်းမွန်ရေးလုပ်ငန်း (System Improvement) များအနေဖြင့် နိုင်ငံတော်တစ်ဝန်းလုံးတွင် ထရန်စဖော်မာ(၅၁၈၂) လုံး၊ တပ်ဆင်အင်အား (၂၅၉၃ ဒသမ ၂) MVA၊ ဓာတ်အားလိုင်း မိုင်(၃၉၄၉ ဒသမ ၇၃) မိုင်၊ ဓာတ်အားခွဲရုံ (၃၆၄)ရုံတို့ကို တိုးတက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် Unit Losses(၂၄ ဒသမ၂၆) ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်ဇွန်လတွင်(၁၉)ရာခိုင်နှုန်းအထိ လျော့ကျအောင် လူအား၊ ငွေအားစိုက်ထုတ်၍ စီမံချက်များရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်၏ **''မိတ္ထီလာမြို့နယ် ထနောင်းကန်စံပြကျေးရွာတွင် ကျေးလက်ပြည်သူများဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် အိမ်တွင်းစက်မှုလုပ်ငန်းဖြစ်သည့် ရက်ကန်းလုပ်ငန်းများလုပ်ကိုင်နိုင်ရန် လျှပ်စစ်မီးရရှိရေးကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ယင်းကျေးရွာအတွက် အရေးတကြီးလိုအပ်နေသော လျှပ်စစ်မီးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း''** မေးခွန်းနှင့်စပ်လျဉ်း၍ မိတ္ထီလာမြို့နယ် ကန်သာကျေးရွာအုပ်စု၊ ထနောင်းကန်စံပြကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၀၆)စုခန့်ရှိပြီး ကျေးရွာလူထုအနေဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်း၍ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိရေး လျှောက်ထားပြီးဖြစ်ပါကြောင်း။

အမြန်ဆောင်ရွက်ပေးမည်

ထနောင်းကန်စံပြကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မိတ္ထီလာ-ဝမ်းတွင်း (၁၁)ကေဗွီ ဓာတ်အားလိုင်းမှ ကျေးရွာသို့ (၁၁)ကေဗွီဓာတ် အားလိုင်း ပေ(၃၀၀၀)တည်ဆောက်ခြင်း၊ ကျေးရွာအတွင်းတွင် (၁၁/၀ ဒသမ ၄)ကေဗွီ၊ (၃၁၅)ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနှင့် (၄၀၀)ဗို့ ဓာတ်အားလိုင်း (၄၁၀၀) ပေ တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျေးရွာမီးလင်းရေးအတွက် လိုအပ်သည့်နည်းပညာပိုင်း ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများပြီးသည်နှင့် ဓာတ်အားလွှတ်ခွင့် အမြန်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၏ **''ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသရှိ မြို့နယ်များတွင် ဒီဇယ်သုံးမီးစက်များနှင့် အသေးစားရေအားလျှပ်စစ်စက်ရုံဖြင့်သာ ဓာတ်အားထုတ်လုပ် အသုံးပြုလျက်ရှိပါကြောင်း၊ ကျိုင်းတုံမြို့နယ်၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၂)ရုံသာရှိ၍ တစ်မြို့လုံး မီးအပြည့်အဝမပေးနိုင်ခဲ့ပါကြောင်း၊ သို့ပါ၍ ကျိုင်းတုံမြို့ အပါအဝင် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတစ်ခုလုံး လျှပ်စစ်မီးအပြည့်အဝရရှိနိုင်ရန် အကြီးစားရေအားလျှပ်စစ်ဓာတ်အားစက်ရုံ သို့မဟုတ် ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးရန် အစီအမံများ ရှိ/မရှိ သိရှိလိုပါကြောင်း''** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသသည် လက်ရှိအခြေအနေတွင် နိုင်ငံတော်ဓာတ်အားစနစ်နှင့် အလွန်ဝေးကွာလျက်ရှိသည့်အတွက် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်များ၊ ဒီဇယ်စက်များနှင့် ဓာတ်အားပေးသည့်နည်းလမ်း၊ အိမ်နီးချင်းနိုင်ငံမှ ဓာတ်အားရယူသည့်နည်းလမ်းများဖြင့် ဒေသတွင်း မြို့/ရွာများကို ဓာတ်အားပေးလျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ခရိုင်အဆင့်မြို့ (၄)မြို့ အပါအဝင် မြို့အဆင့်ရှိမြို့ပေါင်း(၁၈)မြို့နှင့် ယင်းတို့နှင့်ဆက်စပ်နေသည့် ကျေးရွာပေါင်း (၃၅)ရွာကို လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကျိုင်းတုံခရိုင်အတွင်း စုစုပေါင်း တပ်ဆင်အင်အား ကီလိုဝပ် (၃၀၀၀)ရှိ နမ့်ဝုတ် အသေးစား ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနှင့် စုစုပေါင်း တပ်ဆင်အင်အားကီလိုဝပ် (၄၈၀)ရှိ နမ့်လပ်အသေးစား ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတို့မှ ကျိုင်းတုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများကို ဓာတ်အားပေးလျက်ရှိပါကြောင်း။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဓာတ်အားပေး

စုစုပေါင်း တပ်ဆင်အင်အား ကီလိုဝပ်(၁၂၀၀)ရှိ မယ်ပန်အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ မိုင်းဆတ်မြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများကို ဓာတ်အားပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသရှိ မြို့ရွာများကို ဝန်ကြီးဌာနက ဒီဇယ်စက်ပေါင်း(၅၃)လုံး၊ စုစုပေါင်း စက်တပ်ဆင်အင်အား (၄၄၁၅ ဒသမ ၈) ကီလိုဝပ်ဖြင့် ဓာတ်အားပေးလျက်ရှိပါကြောင်း။

ယင်းဒေသတွင်း ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် ကျိုင်းတုံ၊ ဝမ်တာပင်း၊ ဆိုလူး၊ မိုင်း၀၊ ကျိုင်းရမ်း၊ ဟီကူးနှင့် နမ့်ခရေအား လျှပ်စစ်စီမံကိန်းများကို တရုတ်နိုင်ငံမှ Yunnan Power Grid Corporation (YNPG)နှင့် JV/BOT စနစ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေး စူးစမ်းလေ့လာမှုများဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို ၂၅-၉-၂၀၀၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ကုမ္ပဏီက အစီရင်ခံစာ (Feasibility Study Report-FSR)ကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ တင်ပြထားဆဲဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသအတွင်း အထက်ပါရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ဒေသတွင်းဖြန့်ဖြူးပေးနိုင်ရေးအတွက်လည်းကောင်း၊ ပိုလျှံသောဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်ပို့လွှတ်နိုင်ရန်အတွက်လည်းကောင်း၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးဓာတ်အားခွဲရုံများ တည်ဆောက်ရန် စီမံကိန်းများချမှတ်ထားပြီး ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် မေးမြန်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်၏ **''ပလက်ဝမြို့တွင် လျှပ်စစ်မီးလုံလောက်ရေးအတွက် ပီချောင်း(ခဝဲ)တွင် ရေအားလျှပ်စစ်ဓာတ်အားစက်ရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း''** မေးခွန်းနှင့်စပ်လျဉ်း၍ ပလက်ဝမြို့သည် နိုင်ငံတော်ဓာတ်အား စနစ်မှ ဝေးကွာသည့် မြို့ငယ်တစ်မြို့ဖြစ်သောကြောင့် စုစုပေါင်းတပ်ဆင်အင်အား ကီလိုဝပ် (၅၀)ရှိ သင်းသယ်ချောင်း အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှလည်းကောင်း၊ ကီလိုဝပ် (၁၂၀) ဒီဇယ်အင်ဂျင်စက် (၂)လုံးနှင့် (၅၈ ဒသမ ၄)ကီလိုဝပ်ရှိ ဒီဇယ်အင်ဂျင်စက်(၁)လုံး တို့ဖြင့်လည်းကောင်း လျှပ်စစ်ဓာတ်အားပေးလျက်ရှိပါကြောင်း။

ပလက်ဝမြို့မှ (၁၅)မိုင်အကွာ ခဝဲရွာအနီး ပီချောင်းပေါ်တွင် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် အခြေအနေကို ၂၀၀၂ ခုနှစ်တွင် ပဏာမစူးစမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ စူးစမ်းလေ့လာမှုမှ ဆက်လက်၍ ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး၊ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုအခြေအနေ၊ လူမှုဘဝထိခိုက်မှုဆိုင်ရာ စိစစ်လေ့လာမှုများအပြင် စီးပွားရေးအရ ထွက်ခြေကိုက်မှုများကို အဆင့်ဆင့်လေ့လာပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စီမံကိန်းချမှတ်ထား

ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ဆဲဖြစ်သည့် လေးမြို့ ရေအားလျှပ်စစ်စီမံကိန်းနှင့် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းကြီးများမှ လျှပ်စစ်ဓာတ်အားထွက်ရှိလာပါက ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့တွင် ဓာတ်အားခွဲရုံ တစ်ခုတည်ဆောက်၍ ဓာတ်အားလက်ခံပြီး ယင်းမှတစ်ဆင့် ချင်းပြည်နယ် ပလက်ဝမြို့သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်အတွက်လည်း စီမံကိန်းချမှတ်ထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က ကျန်းမာရေး ကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးတိုးဝင်း၏ **''ရတနာပုံကျေးရွာသည် တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲအတွင်းတည်ရှိ၍ ပြည်ကြီးမဏ္ဍိုင်မြို့မှ (၃၂)မိုင်ကွာဝေးပြီး ထိုင်းနိုင်ငံမှ(၉)မိုင်သာဝေးကွာသည့် နယ်စပ်ရွာတစ်ရွာဖြစ်ပါကြောင်း၊ ယင်းကျေးရွာတွင် သားဖွားဆရာမတစ်ဦးအမြဲန်ဆုံး တာဝန်ထမ်းဆောင်ရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကျေးရွာအဆင့်နှင့်လျော်ညီသော ကျန်းမာရေးစောင့်ရှောက်မှုဌာနတစ်ခုခု ဖွင့်ပေးပါရန် အစီအစဉ်ရှိ/မရှိ တို့ကို သိရှိလိုပါကြောင်း''** မေးခွန်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲရှိ ချောင်းကဖီး ကျေးလက်ကျန်းမာရေးဌာနအောက်တွင် ရတနာပုံကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ယခင်က သားဖွားဆရာမ(၁)ဦးကို တာဝန်ချထားခဲ့သော်လည်း လူမှုရေးအခက်အခဲကြောင့် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ခြင်း မရှိသဖြင့် နောက်ထပ်သားဖွားဆရာမ (၁)ဦးကို ထပ်မံတာဝန်ချထားခဲ့ပါကြောင်း၊ သို့ရာတွင် အဆိုပါတာဝန်ချထားသည့် သားဖွားဆရာမအနေဖြင့် သွားရောက်ခြင်းမရှိသဖြင့် နောက် (၁)ဦး ထပ်မံခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ခန့်ထားပေးမည်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရိန်းဘွေ၏ **''ချင်းပြည်နယ်ကို အထူးဦးစားပေးဒေသအဖြစ် သတ်မှတ်၍ (ဆမ) ရပြီး အလုပ်စောင့်နေသည့် ဒေသခံလက်ထောက်ဆရာဝန်များအား လစ်လပ်နေသည့်နေရာများတွင် အမြန်ဆုံးခန့်ထားပေးနိုင်ခြင်းရှိ/မရှိနှင့် သင်တန်းဆင်းပြီး အလုပ်စောင့်နေသည့် ဒေသခံသူနာပြုနှင့်သားဖွားများကိုလည်း လစ်လပ်နေရာများတွင် ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း'' မေးခွန်းနှင့်စပ်လျဉ်း၍ ဆရာဝန်များ၊ သူနာပြုဆရာမများကို အသစ်ခန့်ထားသည့်အခါ ဒေသခံဆရာဝန်၊ သူနာပြုနှင့် သားဖွားဆရာမများအား ၎င်းတို့၏ဒေသတွင် ဦးစားပေး၍ ခန့်ထားပေးလျက်ရှိပါကြောင်း၊ ယခင်က ထိုသို့ခန့်ထားရာတွင် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများအတိုင်း အဆင့်ဆင့်ဆောင်ရွက်ရပါသဖြင့် ချင်းပြည်နယ်မှ ဒေသခံဆရာဝန်မှတ်ပုံတင် (ဆမ)ရပြီး ဆရာဝန်များနှင့် သူနာပြု၊ သားဖွားဆရာမများအား သီးခြားခန့်ထားပေးနိုင်ခြင်း မရှိခဲ့သော်လည်း နောင်အသစ်ခန့်ထားခွင့်ရှိသည့် ဆရာဝန်သစ်လွင်များ၊ သူနာပြုနှင့် သားဖွားဆရာမသစ်လွင်များ ခန့်ထားသည့်အခါ ချင်းပြည်နယ်မှ ဒေသခံများကို ချင်းပြည်နယ်၌ ခန့်ထားပေးမည်ဖြစ်ပါကြောင်း။**

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စားပြုတက်ရောက်ထားသော သင်တန်းဆင်း သားဖွားဆရာမများသည် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် (၅)နှစ်တာဝန်ထမ်းဆောင်ပြီးပါက မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို)၏ သဘောတူခွင့်ပြုချက်ဖြင့် ကျန်းမာရေးဦးစီးဌာနက ခန့်အပ်ပေးပါရန် လျှောက်ထားလာသည့်အခါ ကျန်းမာရေးဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်ရယူ၍ ခန့်ထားပေးရသော အစီအစဉ်ရှိခဲ့ပါကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အလေးမပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲများ ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၁၁ ခုနှစ် ပထမအကြိမ် Champion Challenge Cup Tournament ဒုတိယအသုတ် ပြိုင်ပွဲများအနက် အလေးမပွဲစဉ်များ ကျင်းပနေမှုကို ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** ဒိုင်လူကြီးများနှင့် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ နေပြည်တော် အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပနေသော ၂၀၁၁ ခုနှစ် ပထမအကြိမ် Champion Challenge Cup Tournament စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

ဆွေးနွေးညှိနှိုင်း

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား Asia Karatedo Federation President Mr. Kuang Huei Chan နှင့် Asia Karatedo Federation Referee Council Chairman Mr. Lim Chee jin တို့သည် နံနက် ၉ နာရီခွဲတွင် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံ၍ (၂၆) ကြိမ်မြောက်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် မြန်မာ့ကရာတေးဒိုအားကစားသမားများ အောင်မြင်မှုရရှိရေးနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲများဆက်

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၁၁ခုနှစ် (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ ပိုက်ကျော်ခြင်းအားကစားရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်(ခ)အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီး(က)အသင်းက စစ်ကိုင်းတိုင်းဒေသကြီး(ခ)အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိကြသည်။

ပဉ္စမနေ့ပြိုင်ပွဲများကို စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီမှစ၍ အဆိုပါ အားကစားရုံ၌ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးဘတ်စကက်ဘောအသင်း ပူးတွဲလေ့ကျင့်ရန် ကူမင်းမြို့သို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘတ်စကက်ဘောအသင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ ဘတ်စကက်ဘောအားကစား ပူးတွဲလေ့ကျင့်ရန်အတွက် ယမန်နေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘတ်စကက်ဘောအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါ်ကြူကြူ အမှုဆောင် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်၊ တပ်ကြပ် (ရန်ကုန်မြို့တော်စည်ပင်သာယာရဲတပ်ဖွဲ့)၊ ဒေါ်မြနှင်းထွေး(ဦးစီးအရာရှိ အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဦးဌေးဝင်း(နည်းပြ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်)၊ ဒေါ်ခင်မာချို(အကူနည်းပြ၊ လယ်/ ဆည်ဝန်ကြီးဌာန)၊ ဒေါ်ဝင်းမော်ဟန်(သူနာပြု အားကစားနှင့် ကာယပညာဦးစီးဌာန)၊ အားကစားသမားများအဖြစ် တင်မိုးလှိုင်၊ ခင်သူသူအောင်၊ စန္ဒာဝင်းဇင်၊ ရီရီအောင်၊ မေနှင်းဆီလွင်၊ သိမ့်သိမ့်တင်ရီ၊ ကြည်လဲ့စိုး၊ ဟန်နီဝင်းအောင်၊ ဂျူးမြတ်နိုး၊ ထက်မြတ်လင်း၊ ဂျူလိုင်မိုးနှင့် ယုမမအောင်တို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

ရှမ်းပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားရာတွင် အနှစ်သာရရည်မှန်းချက်များ ရှင်သန်အောင် အနုပညာစွမ်းပကားနှင့် ဆောင်ရွက်ကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးခြင်းမှ တားဆီးကာကွယ်ရင်း မျိုးချစ်စိတ်ဓာတ်ကိုလည်း လက်ဆင့်ကမ်း ပြန့်ပွားအောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ကွက်စိပ်ပြိုင်ပွဲ၊ အခြေခံပညာအဆင့် အသက် ၅ နှစ်မှ ၁၀ နှစ်အထိ အမျိုးသမီး အကပြိုင်ပွဲ၊ အခြေခံပညာအဆင့် အသက် ၅ နှစ်မှ ၁၀ နှစ်အထိ အမျိုးသား အကပြိုင်ပွဲဝင် အနုပညာရှင်များက ပြိုင်ပွဲဝင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါ ရှမ်းပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) (မြောက်ပိုင်း) (အရှေ့ပိုင်း)ရှိ ခရိုင် ၁၂ ခရိုင်မှ ပြိုင်ပွဲဝင်များ အသီးသီး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ စက်တင်ဘာ ၁၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းအောင်နှင့် ဝန်ထမ်းများ အများပြည်သူလျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လျှပ်စစ်အန္တရာယ် အသိပညာပေး မြေစိုက်ပိုစတာကို ကမ်းနားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်(မော်တင်ထိပ်)တွင် စိုက်ထူစဉ်။

(ခရိုင် ပြန်/ဆက်)

ပူးတွဲလေ့ကျင့်ရန် မြန်မာ့လက်ရွေးစင်ဝူရှူးအသင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၁၁ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့နှင့် ဝူဟန်မြို့များ၌ စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ဝူရှူးအားကစား ပူးတွဲလေ့ကျင့်ရန်အတွက် မြန်မာ့လက်ရွေးစင်ဝူရှူးအသင်းသည် စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးအစီအစဉ်မှ ကိုယ်စားပြုတက်ရောက်ထားသော သူနာပြု/သားဖွား သင်တန်းဆင်းများ ခန့်ထားရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ခန့်ထားပေးနိုင်ခြင်း မရှိသဖြင့် ကျန်းမာရေးဦးစီးဌာနမှ ခန့်အပ်ပေးရန်ညှိနှိုင်းချက်အရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးဦးစီးဌာနတို့မှတစ်ဆင့် တင်ပြမှုအပေါ် ကျန်းမာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ပေးပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **"ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်** (MILLENNIUM DEVELOPMENT GOALS-MDGs) **၏ လုပ်ငန်းစဉ်များတွင် အပါအဝင်ဖြစ်သော တစ်နှစ်အောက် မွေးကင်းစကလေးငယ်များ သေပျောက်မှုနှုန်း၊ ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားချိန်ကာလ သေပျောက်မှုနှုန်း၊ ငါးနှစ်အောက်ကလေးငယ်များ၏ အာဟာရချို့တဲ့မှု** (NUTRITIONAL DEFICIENCY) **သို့မဟုတ် ရောဂါများကြောင့် သေပျောက်မှုနှုန်း စသည်တို့၏ ယေဘုယျအနေအထားဖြစ်စဉ်အတိုးအလျော့ကိုသိရှိလိုပါကြောင်း"၊ "ဝေးလံခေါင်းပါးသော ကျေးလက်ဒေသနေ ပြည်သူများ၏ကျန်းမာရေးအတွက် မည်သို့သော အစီအစဉ်များဖြင့် ဆောင်ရွက်ပေးနေသည်ကို သိရှိလိုပါကြောင်း"** နှင့် **"ရှေးယခင် ကျောင်းကျန်းမာရေးဆရာဝန်များကို မြို့နယ်တိုင်းတွင် ခန့်ထားနိုင်ခြင်းမရှိခဲ့သဖြင့် ကျောင်းကျန်းမာရေးဆရာဝန်သည် တာဝန်ကျသော မြို့နယ်နှင့်နီးစပ်သည့် မြို့နယ်(၃)မြို့နယ် သို့မဟုတ် (၄)မြို့နယ်ကို ပူးတွဲတာဝန်ယူဆောင်ရွက်ခဲ့ကြပါကြောင်း၊ ယခုအချိန်တွင် ကျောင်းကျန်းမာရေး ဆရာဝန်ခန့်ထားနိုင်မည့်အခြေအနေကို သိရှိလိုပါကြောင်း"** မေးခွန်းများနှင့် စပ်လျဉ်း၍ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်တွင်ပါဝင်သည့် ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများအား ၁၉၉၀ ပြည့်နှစ် နှုန်းထားများကို အခြေခံ၍ ၂၀၁၅ ခုနှစ်တွင် (၁)နှစ်အောက် ကလေးသေနှုန်းကို သုံးပုံနှစ်ပုံ လျှော့ချရန်၊ (၅)နှစ်အောက် ကလေးသေနှုန်းအား သုံးပုံနှစ်ပုံလျှော့ချရန်၊ မိခင်သေနှုန်းအား လေးပုံသုံးပုံ လျှော့ချရန်နှင့် (၅)နှစ်အောက်ကလေး ကိုယ်အလေးချိန်လျော့နည်းမှုနှုန်းကို ထက်ဝက်လျှော့ချရန် ရည်မှန်းထားရှိပါကြောင်း။

၁၉၉၀ ပြည့်နှစ်တွင် အရှင်မွေး တစ်ထောင်လျှင် (၁)နှစ်အောက် ကလေးသေနှုန်း (၉၈)ဦးရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် (၃၂ ဒသမ ၇)ဦးသို့ လျှော့ချရန်၊ အရှင်မွေး တစ်ထောင်လျှင် (၅)နှစ်အောက် ကလေးသေနှုန်း (၁၃၀)ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် (၄၃ ဒသမ ၃)ဦးသို့ လျှော့ချရန်နှင့် အရှင်မွေးတစ်သိန်းလျှင်(၄၂၀) ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် (၁၀၅)ဦးသို့လျှော့ချရန် ရည်မှန်းထားပါကြောင်း၊ (၅)နှစ်အောက်ကလေး ကိုယ်အလေးချိန် လျော့နည်းနှုန်းမှာ ၁၉၉၇ ခုနှစ်စာရင်းအရ ကလေး(၁၀၀)လျှင် (၃၉)ဦးရှိခဲ့ရာမှ ၂၀၁၀ခုနှစ်တွင် ကလေး (၁၀၀)လျှင် (၃၂)ဦး ရှိပါကြောင်း။

ဖော်ပြပါအညွှန်းကိန်းများသည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း လျော့နည်းကျဆင်းလာမှုရှိပါကြောင်း၊ ထောင်စုနှစ်ရည်မှန်းချက်များပြည့်မီရရှိရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်မှုရှိသည်နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်မှပံ့ပိုး

ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းကို တိုးမြှင့်ပေးနိုင်ရန်နှင့် မြို့ပြနှင့် ကျေးလက်ကျန်းမာရေးကွာဟမှု ကျဉ်းမြောင်းသွားစေရန် ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးမှုစီမံချက်ကို ၂၀၀၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခု ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိ ကျေးလက်ကျန်းမာရေးဌာန (၅၅)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း (၉၉)ခုကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သော အဓိကဆေးဝါးများကိုလည်း ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများသို့ ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ နှစ်စဉ်တိုးတက် များပြားလာသော လူဦးရေကို ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံမှုပေးနိုင်ရန် ကျေးလက်ကျန်းမာရေးဌာနတစ်ခုလျှင် လူဦးရေ (၂၀၀၀၀)နှုန်း ဖြစ်လာစေရန်အတွက် တစ်နှစ်လျှင် ကျေးလက် ကျန်းမာရေးဌာန အနည်းဆုံး (၅၀)မှ (၁၀၀)အထိ ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးသွားနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ကျေးလက်နေပြည်သူများအတွက် ခရိုင်နှင့်မြို့နယ်အဆင့် တိုင်းရင်းဆေးခန်း(၂၃၇)ခန်းဖွင့်လှစ်၍ ကျေးရွာများအရောက် ကွင်းဆင်းကုသပေးလျက်ရှိပြီး ကုန်ကျသောဆေးဝါးများကိုလည်း နိုင်ငံတော်မှပံ့ပိုးပေးပါကြောင်း။

ကျေးလက်နေပြည်သူများအတွက် တိုင်းရင်းဆေးဖြင့်ကုသရေးနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကိုလည်း ကျေးလက်ဒေသရှိ ကျန်းမာရေးဝန်ထမ်းများဖြစ်သော တိုက်နယ်ဆရာဝန်များ၊ ကျန်းမာရေးမှူးများ၊ တိုင်းရင်းဆေးဆရာများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများမှ ကျေးရွာပေါင်း (၅၈၅၀)သို့ ဖြန့်ဝေပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ ကျေးရွာအားလုံးသို့ ဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နှစ်စဉ်တိုးတက်များပြားလာသော ကျောင်းနှင့် ကျောင်းသားဦးရေတို့အား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကျောင်းကျန်းမာရေး အဖွဲ့ (၈၀)၊ မိခင်ကလေး ကျန်းမာရေးဌာန (၂၅)ခုနှင့်အတူ မြို့နယ်တိုင်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများက သက်ဆိုင်ရာဒေသအလိုက် မြို့မ/ကျေးလက် ကျောင်းကျန်းမာရေးလုပ်ငန်းများအား ဆောင်ရွက်စေခြင်းဖြင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ကြီးကြပ်ဆောင်ရွက်နိုင်

ထို့ပြင် လက်ရှိ ခရိုင်(၄၇)ခုတွင် မိခင်ကလေး၊ ကျောင်းကျန်းမာရေးအဖွဲ့များရှိနေရာမှ (၂၀၁၂-၂၀၁၆) အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ကျန်ခရိုင်အားလုံး၌ မိခင်ကလေး၊ ကျောင်းကျန်းမာရေးအဖွဲ့များ တိုးချဲ့ခန့်ထား၍ ခရိုင်အလိုက် မိခင်ကလေး၊ ကျောင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ပိုမိုလုံခြုံထိရောက်စွာ ဆောင်ရွက်နိုင်ရန်စီစဉ်ထားပါကြောင်း၊ ခရိုင်အဆင့်ကျန်းမာရေးဦးစီးဌာနများတွင် ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ရပြီးသော ဆရာဝန် (၁)ဦး ခန့်ထားဆောင်ရွက်ခြင်းဖြင့် လိုအပ်သော ကျောင်းကျန်းမာရေးအပါအဝင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ကျေးလက်ဒေသအထိ ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၁ခုနှစ် စက်တင်ဘာ ၁၉ ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း(၁၅)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆို(၁)ခု၏ ခေါင်းစဉ်ကို ပြောင်းလဲအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ကြည့်ရှုစစ်ဆေး

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် မန္တလေးတိုင်းဒေသကြီး အင်းဝ ဒေသရှိ ရှေးဟောင်း အဆောက်အအုံများ၏ ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှု စစ်ဆေးစဉ်။
(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းများ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၆

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ မန္တလေးတိုင်းဒေသကြီး ပင်းယနှင့် အင်းဝဒေသများသို့ သွားရောက်၍ မိုးအဆက်မပြတ်ရွာသွန်းသည့်ကာလအတွင်း ရှေးဟောင်းအဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။ ထို့နောက် ခေတ်မီနည်းပညာများဖြင့် ရှေးမူလက်ရာမပျက် ပြုပြင်မွမ်းမံ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်းမှ ပညာရှင်များနှင့်တွေ့ဆုံ၍ အကြံဉာဏ်များရယူခဲ့သည်။

မှာကြား

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ် ရွှေစာရံရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ စာသင်ခန်း၊ လက်တွေ့ခန်း၊ အင်တာနက်ခန်းနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား စက်တင်ဘာလအတွင်း ကျင်းပမည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဒုတိယနှစ်ဝက်စာမေးပွဲအတွက် ပြင်ဆင်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိပြီး 33/11KV 5 MVA ဘုရားကြီး ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ၂၃၀ ကေဗွီ စစ်တောင်းပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံအဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် စီမံကိန်းပစ္စည်းများ ရောက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဓာတ်အားခွဲရုံခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဓာတ်အားခွဲရုံ Control Room အတွင်းရှိ ဘက်ထရီခန်း၊ Switch Gear ခန်းနှင့် Control Panel ခန်း၊ Switch Yard တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးခန်းမ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ ပဲခူးမြို့အတွင်းရှိ ၂၃၀ ကေဗွီ ကမာနတ်ပင်မဓာတ်အားခွဲရုံ (ပဲခူး)နှင့် ၃၃/၁၁ ကေဗွီ ပဲခူး အမှတ်(၂) ဓာတ်အားခွဲရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှာမောင်းသဏ္ဍာန်ပါ ဝက်ကလေး

တပ်ကုန်း စက်တင်ဘာ ၁၆

နေပြည်တော် တပ်ကုန်းမြို့နယ် ငွေ့ကြီးအုပ်စု ကြူအင်းကျေးရွာနေ ဦးလှမြင့်-ဒေါ်ကြည်ကြည်ဝင်း နေအိမ်တွင် မွေးမြူထားသည့် ဝက်မှ စက်တင်ဘာ ၁၄ ရက် ည ၉ နာရီက ဝက်ရှစ်ကောင် ပေါက်ဖွားရာ ၎င်းအနက် တစ်ကောင်မှာ ဦးခေါင်းထိပ်တွင် နှာမောင်းသဏ္ဍာန်ပါရှိရာ မွေးပြီး ၄၅မိနစ်အကြာ၌ သေဆုံးခဲ့ကြောင်း သိရသည်။ (၄၁၇)

ရှင်းလင်းဖယ်ရှား

စက်တင်ဘာ ၁၄ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ဥက္ကလာပမြို့နယ် ရပ်ကွက်အချို့ရေနစ်မြုပ်ပြီး (၁၂)ရပ်ကွက် မင်္ဂလာလမ်းနှင့် သုမင်္ဂလာလမ်း ထောင့်၌ ရပ်ထားသော ကားတစ်စီးပေါ်သို့ သစ်ပင်လဲပြိုကျရာ လူထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ လမ်းပိတ်ဆို့မှု မဖြစ်စေရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကားပေါ်ပိနေသော သစ်ပင်ကို ရှင်းလင်းဖယ်ရှားကြစဉ်။ (၀၂၃)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၆

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂)၊ အမှတ် (၃၃)ကို စက်တင်ဘာ ၁၅ ရက် (ကြာသပတေးနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယင်း TV Guide စာစောင်တွင် MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းသစ် 4HD (High Definition) ရုပ်သံလိုင်းသစ်အကြောင်း၊ 4 Digital ရုပ်သံလိုင်းများထဲမှ For Cinema ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ For Choice ရုပ်သံလိုင်းတွင်ပြသမည့် 'သက်တံပေါ်ကအိမ်ကလေး' ကိုရီးယားဇာတ်လမ်းတွဲသစ်၊ ရုပ်သံလိုင်းသစ်မိတ်ဆက်ကဏ္ဍတွင် Biography ရုပ်သံလိုင်းသစ်အကြောင်း၊ Star World ရုပ်သံလိုင်းတွင် Switched At Birth ဇာတ်လမ်းအကြောင်း၊ TLC ရုပ်သံလိုင်းတွင်ကြည့်ရှုရမည့် Super Swank, Work of Art, Anthony Bourdain စသည့်အစီအစဉ်ကောင်းများ၊ Nat Geo Wild ရုပ်သံလိုင်းတွင်ကြည့်ရှုရမည့် City of Ants, Redwoods, Cliffhangers, Underwater Oasis, Lion Warrior စသည့် အစီအစဉ်များ၊ ရုပ်သံလိုင်းအားလုံး၏ စက်တင်ဘာ ၁၆ ရက်မှ ၃၀ ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ စက်တင်ဘာ ၁၆ ရက်မှ ၃၀ ရက်အထိ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆ တို့သို့ မှာယူနိုင်သည်ဟု သိရသည်။ **(သတင်းစဉ်)**

ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဦးတည်၍ ဒေသခံပြည်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကျွန်းနှင့် အခြားသစ်မာမျိုးစုံ ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို သစ်တောစီမံအုပ်ချုပ်ခွင့်ရှိသော မြေများတွင် တစ်ဧကမှ ဆောင်ရွက်လိုသည့် ပမာဏအထိ စိစစ်ငှားရမ်းပေးလျက်ရှိပါသည်။

သို့ရာတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့်ရရှိထားသည့် အချို့သော လူပုဂ္ဂိုလ်/အဖွဲ့အစည်း/ ကုမ္ပဏီများသည် ခွင့်ပြုထားသည့် မြေဧရိယာများအား တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ ဧရိယာတစ်ခုလုံးကိုသော်လည်းကောင်း ထပ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း(သို့မဟုတ်) တခြားနည်းလမ်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းများ လုပ်ကိုင်ဆောင်ရွက်နေကြကြောင်း ကြားသိရပါသည်။

ကျွန်းနှင့် အခြားသစ်မာမျိုးစုံ ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့်ရရှိထားသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်း/ ကုမ္ပဏီများသည် သစ်တောဦးစီးဌာနနှင့် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့သည့် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များနှင့် အခွင့်အရေးများ၊ အမှတ်စဉ်(၁၂) ပါ **"ခွင့်ပြုထားသည့် မြေကို ထပ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း (သို့မဟုတ်) တခြားနည်းလမ်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း မပြုလုပ်ရ"** စည်းကမ်းချက်အား ဖောက်ဖျက်သည့်အတွက် စာချုပ်ဖျက်သိမ်း၍ လုပ်ကိုင်ခွင့်ပြုထားသည့်မြေကို ပြန်လည်သိမ်းဆည်းခံရမည်ဖြစ်ပါသည်။

ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ရန် စိတ်ပါဝင်စားသူ ပုဂ္ဂလိက/အဖွဲ့အစည်း/ကုမ္ပဏီများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သစ်တောဦးစီးဌာနများသို့လည်းကောင်း၊ ရုံးအမှတ် (၃၉) သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး နေပြည်တော်သို့လည်းကောင်း ကိုယ်တိုင်လျှောက်ထားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သစ်တောဦးစီးဌာန

စစ်တောင်းမြစ်ရေဝင်ရောက်မှုကြောင့် တောင်ငူမြို့နယ်အတွင်း ကယ်ဆယ်ရေးစခန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၁၆

တောင်ငူမြို့နယ်အတွင်း စစ်တောင်းမြစ်ရေတက်မှုကြောင့် မြစ်ကမ်းဘေးအနိမ့်ပိုင်းတွင်နေထိုင်ကြသော တောင်ငူမြို့ပေါ်ရပ်ကွက် (၁၊ ၈၊ ၉၊ ၁၀၊ ၁၉၊ ၂၀) ရပ်ကွက်များနှင့် သဖန်းပင်ရွာ၊ ရှမ်းစုကြီးရွာ၊ အနောက်ဆင်ရွာ၊ ကန်ရိုးရွာ၊ မိုးကောင်းရွာများအတွင်း ရေဝင်ရောက်၍ အိမ်ထောင်စု ၁၇၅၃ စု၊ လူဦးရေ စုစုပေါင်း ၇၅၃၀ တို့အား ကယ်ဆယ်ရေးစခန်း ၂၂ ခု ဖွင့်လှစ်၍ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၉-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဖောရွှင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ခန္ဓာငါးပါး** တရားတော် ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)
၆:၄၅	ဖုးစို့ဘုရားစုံမြို့ဖျာပုံ
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၂၉)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၁)
၈:၅၀	Activities in the City (မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၏ သက်ကြီးသဘင်ပညာရှင်များအား ပူဇော်ပွဲ)
၉:၁၀	Quinolone ၏ တတိယမျိုးဆက် Cravit (Levofloxacian)အကြောင်း ဆွေးနွေးဟောပြောပွဲ)
၉:၂၀	သန့်ရှင်းကျန်းမာ တစ်ရှူးကမ္ဘာ
၉:၄၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၁၀	သက်ရှည်နုပျိုကျန်းမာရွှင်လန်း Royal ABG အစွမ်း
၁၀:၄၀	သွားမယ်စားမယ် (Mr Bar B Q)
၁၁:၁၀	ပန်းချီပြခန်း (Art Garden)
၁၁:၂၀	လေဖြတ်ပြီးနောက် ပြန်လည်ကျန်းမာသန်စွမ်းရေး အကြောင်း သိကောင်းစရာ (ဒေါက်တာပန်ဒိုရာအောင်ကြီး)
၁၁:၄၅	ရန်ကုန်မြင်ကွင်းကျယ် (CUT-DYE-PERM TECHNICAL TRAINING COURSE)
၁၂:၀၅	Core Lens လက်စွပ်ကို ဝတ်ဆင်လေသောအခါ
၁၂:၂၅	ဟိုတယ်လမ်းညွှန် (Rupar Mandalar)
၁:၀၀	**ခန္ဓာငါးပါး** တရားတော် ဆရာတော်အရှင်ဇဝန(မေတ္တာရှင်)
၂:၀၀	MRTV-4 သတင်း
၂:၂၀	VJ Choice
၃:၀၀	Activities in the City (စနစ်နဲ့အညီခေတ်နဲ့အမီ CLEAN ရေတိုင်ကီ)
၃:၁၀	Kid's Show
၃:၄၀	လွယ်ကူသက်သာ စားစရာ (သရက်သီးစိမ်းသနပ်နှင့် ဆီးတော်ဖီ)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၁)
၄:၅၅	မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ကြိုးပမ်းလှုပ်ရှားမှုများ (အပိုင်း -၁)
၅:၃၀	ဂဏန်းသင်္ချာပျော်စရာ
၆:၀၀	MRTV -4 သတင်း
၆:၂၀	Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ ဒေစီကျော်ဝင်း)(အပိုင်း ၇)
၆:၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၃၀)
၇:၃၀	Fashion Week
၇:၅၀	ပရီမီယားလိဂ်ရင်ခုန်သံ
၈:၀၀	MRTV -4 သတင်း
၈:၂၅	**Barclays Premier League Bolton Vs Norwich City**
၁၁:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၂)
၁၁:၃၀	သူတို့ပြောတဲ့သူတို့အကြောင်း (ဦးနန်းဝင်း) (အပိုင်း -၂)
၁၂:၀၅	ထင်ရှားကျော်ကြား ရွှေဘိုပေါ်ဆန်းတေးကြား
၁၂:၂၀	World of Knoweledge (Engineering Connections Hong Kong's Ocean Airport)
၁:၀၅	ဆိတ်ငြိမ်အေးချမ်းခြင်းနှင့်အတူ MYANMAR LIFE HOTEL
၁:၂၅	အများမြင်စရာနစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကပွဲ ကတဲ့ဇာတ်အလှသဘင်) (အပိုင်း-၁)
၂:၀၀	စိုက်ပျိုးဝေဆာတို့မြေမှာ (မှိုစိုက်ပျိုးနည်း)
၂:၁၅	ရသစုံလင်စိမ်းလဲ့တင်ရဲ့ ပျိုးဥယျာဉ်
၂:၃၅	တိရစ္ဆာန်လေးတွေမွေးကြမယ် (Neptune Pet Shop)
၂:၅၀	ကိုစိန်နှင့်ကိုယ်ဝန်ဆောင်မိခင် (စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ) [ဒါရိုက်တာအောင်မိုး(ပဲရစ်)]
၂:၅၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
၃:၂၀	လက်ဝယ်ရှိသော
၃:၃၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာ ဖက်ရှင်)
၄:၀၀	ကြည်နူးစရာလက်ဆောင် အဖြာဖြာ (ဂျူးဂျူးမင်္ဂလာဖိတ်စာနှင့် လက်ဆောင်ကမ်းပစ္စည်း)
၄:၂၅	ဖိတ်ခေါ်ပါသည် ဖွံ့ဖြိုးဝေစည် ညောင်ကျိုးမြို့ဆီသို့
၄:၄၀	အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှုရွှေဆိုင်းပညာ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၁၀	Blackburn -Arsenal	(ESPN) (Live)
၆:၁၀	Aston Villa -Newcastlc	(ESPN) (Live)
၈:၂၅	Bolton - Norwich City	(Star Sports) (MRTV-4) (Live)

နိုင်ငံတော်၏ စီးပွားရေးနှင့်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာစေရေးကို အထူးအားပေးလျက်ရှိပါသည်။

ငွေကြေးဆိုင်ရာအကူအညီများကိုလည်း မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ထောက်ခံချက်ဖြင့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်မှ အမြန်ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

လုပ်ငန်းဆောင်ရွက်ခွင့် မှတ်ပုံတင်ခြင်းကိစ္စများကို အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိပါသည်။ စက်ပစ္စည်းများပြည်ပမှတင်သွင်းရေးကိုလည်း အမြန်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်-

ဦးစိုးလှိုင် ညွှန်ကြားရေးမှူးချုပ်
အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၀၈၀၈၂
ဦးသန်းထိုက် ညွှန်ကြားရေးမှူးချုပ်
အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၀၅၀၅၀
စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ဖခင်အမည်မှန်

ပဲခူးမြို့၊အထက-၃၊ တက္ကသိုလ်ဝင်တန်း(H)မှ မောင်ဟိန်းမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးဆန်းသွင် ၇/ပခန(နိုင်)၂၈၅၁၅၁ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ကမာရွတ်မြို့နယ်၊ရတနာမြိုင်အိမ်ရာ၊ တိုက် ၇၊ အခန်း၂၀၃၏ မူလအမည်ပေါက် ဦးစံမြိုင် ၁၂/ကမရ(နိုင်)၀၂၀၈၇၅ထံမှ အဆင့်ဆင့်ဝယ်ယူထားသူ ဦးကျန်ထွန်း ၁/မကတ(နိုင်)၀၂၄၃၆၄၊ ဒေါ်စန်းမူ ၁/မကတ(နိုင်)၀၀၈၉၃၇က အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက် ၁၄ ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာ၊ တိုက် ၃၊ အခန်း၁၀၃၏ မူလအမည်ပေါက် ဦးသောင်းငွေ AB-၀၃၂၆၈၉ထံမှ ဦးသိန်းစိုး ၈/ရနခ(နိုင်)၀၀၉၇၆၀က အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါကအထောက်အထားတင်ပြလျက် ၁၄ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနတွင် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်အမှတ် ၁၂၊ အခန်းအမှတ်၅၁သည် ယခုလက်ရှိ ဦးဇော်နိုင်ဦးအမည်ဖြင့်ရရှိသော တိုက်ခန်းဖြစ်ပါသည်။ဦးဇော်နိုင်ဦးထံမှ ဒေါ်ခင်မာကြူသို့ တန်ဖိုးသတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဒေါ်ခင်မာကြူ ၅/ဆလက(နိုင်)၀၀၇၇၁၄က တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာန (ရန်ကုန်)သို့ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာစီမံကိန်း၊ တိုက်အမှတ်၂၃၊ အခန်းအမှတ်၃၃ကို မူလအမည်ပေါက် ပိုင်ရှင် ဦးသန်းနှစ်ထံမှ ဒေါ်တင်တင်အောင်က တရားဝင်စာချုပ်စာတမ်းဖြင့်ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာပါသည်။ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ရောင်းမည်

ကန်သာယာလမ်းနှင့် ၄၀ လမ်းထောင့်၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်ပိုင်း၊ ပေ(၄၄×၆၀)၊ ပျဉ်ထောင်တစ်ထပ်နှစ်လုံး၊ မီတာနှစ်လုံး၊ ဂရန်ဖြူရေပါ၊

ကျပ်သိန်း ၃၅၀(ညှိနှိုင်းဈေး)၊

ဖုန်း-၀၉-၅၁၀၃၇၅၅၊ ၀၉-၈၀၃၀၃၉၃

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄F၊ မြေကွက်အမှတ် ၁၃၊ မြေကွက်တည်နေရာအမှတ် ၁၃၊ အနန္တဂုဏ်ရည်လမ်း၊မေတ္တာညွန့်ရပ်ကွက်၊တာမွေမြို့နယ် ဦးတင်လှအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အ မည်ပေါက် ဦးတင်လှ(ဖခင်)နှင့် ဒေါ်လှလှမူ(မိခင်)တို့ကွယ်လွန်သဖြင့် (၁)ဒေါ်စန္ဒာ ၁၂/သဃက(နိုင်)၁၂၅၂၃၁၊ (၂)ဦးတင်ဦး ၁၂/သဃက(နိုင်)၁၂၅၂၃၂၊ (၃)ဒေါ်ရီရီမြင့် ၁၂/သဃက(နိုင်)၁၂၅၂၃၃၊ (၄)ဦးသန်းထိုက် ၁၂/သဃက(နိုင်)၁၂၅၂၃၄၊ (၅)ဒေါ်အေးအေးသန်း ၁၂/သဃက(နိုင်)၀၀၃၈၃၇၊(၆)ဦးအောင်ကိုလတ် ၁၂/သဃက(နိုင်)၀၀၃၈၃၈၊ (၇)ဒေါ်ခင်ခင်ဝင်း ၁၂/သဃက(နိုင်)၀၀၃၈၃၆တို့က သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ Yankin Plam Village အိမ်ရာစီမံကိန်းရှိ တိုက်အမှတ် ၂၀၊ အခန်းအမှတ် ၂၂ ကို အမည်ပေါက်ပိုင်ဆိုင်သူဒေါ်စပယ်သန်းလွင်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ချိုမာဝင်း ၁၂/ရကန(နိုင်)၀၂၇၅၃၂ က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်းစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ လူနေရပ်ကွက်အမှတ် (ရွှေလင်ဗန်းစက်မှုမြို့)၊ မြေကွက်အမှတ် ၂၁၀၊ ဧရိယာ ၁ ဒသမ ၀၃၂ဧကရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်တည်ရှိပြီး လက်ရှိပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ ဦးသူရအောင်ဖြိုး ၁၃/တကန(နိုင်)၁၄၉၂၆၈ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	**ဒေါ်ဖြူဖြူဇော်**
LL.B	**LL.B,D.I.L, WIPO (Switzerland)**
(စဉ်-၂၃၂၉၉)	**(စဉ်-၃၀၉၃၈)**

အထက်တန်းရှေ့နေများ
အာရှမြေ အိမ်-ခြံ-မြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃

ကန့်ကွက်နိုင်ပါသည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာ မြေညီထပ်၊ ဆိုင်ခန်းအမှတ်(G-50)တွင် တပ်ဆင်ထားသော ဦးဝင်းမောင် ၁၂/ပဘတ(နိုင်)၀၁၈၉၈၃အမည်ဖြင့် ဝယ်ယူထားသော လိုင်းခွဲအမှတ်၁၀၅၄၏ ဖုန်းမူရင်း ဘောက်ချာပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ယုဇနပလာဇာ(ဒုတိယထပ်ရုံးခန်း)
ဖုန်း-၂၀၀၈၀၁၊ ၂၀၀၇၄၇
လိုင်းခွဲ
(၄၄၄၄)

မော်လမြိုင်ကျွန်း၌ ဒီရေတောသစ်ပင်စုပေါင်းစိုက်ပျိုး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၆

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဒီရေတောသစ်ပင် စုပေါင်းစိုက်ပျိုးပွဲနှင့် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၁ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စု ငွေစင်ရော်စံပြကျေးရွာ၌ ကျင်းပသည်။

ယင်းနောက် မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးကျော်ညွန့်နှင့် သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးကျော်စိုးနှင့်ကျေးရွာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ စုစုပေါင်း၂၂၀ တို့က ဒီရေတောသစ်ပင် စုစုပေါင်း အပင် ၅၀၀ တို့ကို ငွေစင်ရော်စံပြကျေးရွာမြစ်ကမ်းနားတစ်လျှောက်နှင့် စံပြကျေးရွာအဝင်လမ်းတို့တွင် အဖွဲ့လေးဖွဲ့ခွဲပြီး တစ်ပြိုင်တည်း စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)**

ဟောပြော

ထို့နောက် အသိပညာပေးဟောပြောပွဲကို ငွေစင်ရော်စံပြကျေးရွာရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံခန်းမ၌ ဆက်လက်ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ဒီရေတောသစ်ပင်များစိုက်ပျိုးရခြင်း၏အကျိုးကျေးဇူးများကို မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်ညွန့်၊ တောအုပ်ဦးတင်စိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနစာတပ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)တို့က ဟောပြောကြသည်။

စိုက်ပျိုးပြီးစီး

မော်လမြိုင်ကျွန်းတစ်မြို့နယ်လုံးတွင် စက်တင်ဘာ ၁၂ရက်အထိ ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး အပါအဝင် သစ်ပင်မျိုးစုံ ၆၁၇၀၀တို့ကို စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရှိရသည်။ (ဝ၆၅)

စက်တင်ဘာ ၁၀ရက်က ပုသိမ်မြို့လုံးကျွတ် စုပေါင်းအလှူအတွက် ပုသိမ်မြို့ အမှတ်(၃)နယ်မြေ မိုးလေဝသရပ်နေ ဦးဝင်းကြိုင် နယူးဒေးစက်သုံးဆီ ကုမ္ပဏီဝန်ထမ်းမိသားစုက ငွေကျပ် ၁၀သိန်းကို မြို့မသာသနာ့အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းဝေနှင့် အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလှထွေးသို့ ပေးအပ်လှူဒါန်းစဉ်။ (ဝ၇၇)

ငါး၊ ပုစွန်ဖမ်းဆီးထုတ်လုပ်ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်း

တောင်ကုတ် စက်တင်ဘာ ၁၆

တောင်ကုတ်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ငါး/ပုစွန်ဖမ်းဆီးထုတ်လုပ်ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို စက်တင်ဘာ ၁၀ ရက်က မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်ဆင့်က အသင်းအဖွဲ့ဆိုင်ရာကိစ္စရပ်များကို ပြောကြားသည်။

အခမ်းအနားသို့ငါး/ပုစွန်လုပ်ငန်းရှင် ၅၀ တက်ရောက်ကြပြီး အစုငွေများနှင့်အစုဝင်ခွင့်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ငါးလုပ်ငန်းဦးစီး)**

ဆုချီးမြှင့်

စက်တင်ဘာ ၁၀ ရက်က ရန်ကင်းမြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း ပညာ့တန်ဆောင်ခန်းမတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုပေးပွဲကိုကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်ရဲဘုန်းမင်းအား ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်ဆွေက ဆုချီးမြှင့်စဉ်။ (ပညာရေး)

17-9 (15).pmd 1 9/17/2011, 4:40 AM

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော ဥပဒေကြမ်း (၁)ခုကို အတည်ပြုခြင်း ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၆

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၅)ဦးတို့ တက်ရောက်ကြသည်။

ယနေ့ လွှတ်တော်အစည်းအဝေး၌ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော ဥပဒေကြမ်း (၁)ခုကို အတည်ပြုခြင်းနှင့် စက်တင်ဘာ ၁၄ ရက်က ဆွေးနွေးအတည်ပြုခဲ့သော ဥပဒေကြမ်းကို ဆက်လက်အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

တင်သွင်း

အမျိုးသား လွှတ်တော်၌ အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ဩဂုတ် ၃၀ ရက်က ပေးပို့ထားသော **"အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌက တင်သွင်းသည်။

အဆုံးအဖြတ်ရယူ

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတွင် ပြင်ဆင်ချက်မရှိသကဲ့သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြင်ဆင်ချက်တစ်စုံတစ်ရာ တင်သွင်းခြင်းမရှိသဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ

စာမျက်နှာ ၆ ကော်လံ ၁ ●

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း (၁၅)ခုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၆

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၅)ဦးတို့က လယ်ယာကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

စိုက်ပျိုးမြေ

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်၏ **"ညောင်လေးပင် မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့အတွင်း စစ်တောင်းမြစ်ဝှမ်း တစ်လျှောက်တွင် ရေနက်ကွင်းနေရာများမှာ ဧကသောင်းနှင့်ချီ ရှိနေပါကြောင်း၊ ရေနက်ကွင်းများ၏ ရေမြေအခြေအနေကို သိနားလည်သည့် ဒေသခံလယ်သမားများကို စိုက်ပျိုးမြေအဖြစ် ခွဲဝေပေးရန် ရှိ/မရှိနှင့် ရှိပါက နိုင်ငံတော်က ပူးပေါင်းပံ့ပိုးပေးမည့် အစီအစဉ်များကိုပါ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ညောင်လေးပင်၊ ဒိုက်ဦးနှင့် ဝေါမြို့နယ်တို့တွင် ၂၀၁၀-၂၀၁၁ ခုနှစ်၌ မိုးစပါး (၁၇၁၃၀၅)ဧက စိုက်ပျိုးခဲ့ပြီး ရေကြီး၊ ရေနက်ကွင်း မိုးစပါး

စာမျက်နှာ ၈ ကော်လံ ၁ ❒

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)